

# စစ်မှန်တဲ့ ယုံကြည်ခြင်းနဲ့ ပွဲကိုင်ရအောင်

ရှင်ဟာဒယဒီပ (လှိုင်းဘွဲ့)

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ပုံနှိပ်ခြင်း | – ပထမအကြိမ်၊ |
| ထုတ်ဝေသည့်နှစ် | – ၂၀၀၃–ခုနှစ်၊ |
| အုပ်ရေ | – ၅၀၀၊ |
| ကွန်ပျူတာစာစီ | – အရှင်တိက္ခိန္ဒြိယ P.S.E (II) (ဘုံကျော်) |
| ကွန်ပျူတာစာရိုက် | – ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့) |
| မျက်နှာဖုံးဒီဇိုင်း | – အရှင်တိက္ခိန္ဒြိယ P.S.E (II) (ဘုံကျော်) |
| မျက်နှာဖုံးနှင့် | – ဦးဇော်မြင့်ဝင်းပုံနှိပ်တိုက်၊ |
| အတွင်းပုံနှိပ် | – အိမ်အမှတ်– ၁၈၄၊ ၃၁–လမ်း(ထက်)။ |
| စာရေးသူ | – ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့) |
| တန်ဖိုး | – (      ) |

# စစ်မှန်တဲ့ ယုံကြည်ခြင်းနဲ့ ပဲ့ကိုင်ရအောင်

ရှင်ဟာဒယဒီပ (လှိုင်းဘွဲ့)

၂၉၀၇၉
အမှတ် .............
ရက်စွဲ .............

ကန်တော့လွှာ

ကွယ်လွန်ပြီးသောမိဘနှစ်ပါးအားလည်းကောင်း၊ ပျံလွန်တော်မူပြီး ကျေးဇူးရှင်ကျော့ဝန်းဆရာတော် ဘုရားအားလည်းကောင်း၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာသမားအားလည်းကောင်း ဤစာအုပ်ဖြင့် ပူဇော်ပါ၏အရှင်ဘုရား။

စာရေးသူ
ရှင်ဟာဒယဒီပ
(လှိုင်းဘွဲ့)

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|


၁။ အရှုံးကျေ အမြတ်ရှိစေ- ............၁

၂။ ဥပုသ်သည်တို့မှတ်သားရာ-..........၈

၃။ လူသေလူဖြစ် ကောလာဟာလ
နှင့်
ဗုဒ္ဓ၏တရားကြေးမုံတော်-............၁၄

၄။ စစ်မှန်တဲ့ ယုံကြည်ခြင်းနှင့်
ပွဲကိုင်ရအောင်- ............၂၄

၅။ ပါဏ ဟူသည်- ............၃၀

၆။ ရဟန္တာဆိုတာ- ............၃၉

၇။ ကံစေရာ- ............၄၃

၈။ ဒုသီလကိုလှူရာ၌ အကျိုးရှိမရှိ-.၅၀

၉။ နောက်ဆုံးမှာကြား ဗုဒ္ဓစကား-....၅၆

၁၀။ မှတ်သားစရာအခြားဘာသာများ၏
သမိုင်းအကျဉ်း
ခရစ်ယာန်ဘာသာ
ကောင်းကင်ဘုံ ဖန်ဆင်းပုံ-.........၆၂

| | | |
|---|---|---|
| ၁၁။ | ခရစ်တော်၏ (၁၈)နှစ် တိမ်ပျောက်ခဲ့တဲ့သမိုင်း– | ၇၀ |
| ၁၂။ | ခရစ်တော်ပြန်လည် ရှင်သန်လာခြင်းအကြောင်း– | ၉၀ |
| ၁၃။ | ခရစ်ယာန်ဘာသာ၏ အခြေခံယုံကြည်ချက်– | ၉၆ |
| ၁၄။ | အစ္စလာမ်(မဟာမေဒင်) ဘာသာ– | ၉၉ |
| ၁၅။ | မူစလင်နှင့် အီမန်ယုံကြည်မှု– | ၁၀၁ |
| ၁၆။ | ကိုရ်အန်ကျင့်စဉ်– | ၁၀၂ |
| ၁၇။ | ဟိန္ဒူဘာသာ– | ၁၀၄ |
| ၁၈။ | ဟိန္ဒူဘာသာတို့၏ အခြေခံယုံကြည်ချက်– | ၁၀၈ |
| ၁၉။ | ဗုဒ္ဓဝင် အကျဉ်းချုပ်– | ၁၁၀ |

# နိဒါန်း

မိရိုးဖလာဗုဒ္ဓဘာသာအများစုတို့သည် ရတနာသုံးပါး သာမက အခြားသောနတ်နှင့်တကွ ဗေဒင်စသည်တို့ကို ယုံကြည်အားထားယုံမက နတ်တို့အား ရှစ်ခိုးပူဇော် ပသ နေခြင်းကို ဗုဒ္ဓဘာသာဝင်တို့၏လုပ်ငန်းရပ်တူ၍ပင် ထင်မှတ်ကြလေကုန်၏။ တစ်ချို့သော် အစွဲအလမ်းကိုပင် အမှန်တရားတုယုံကြည်ကြတတ်လေသည်။တဆင့် စကားကြားသိရုံဖြင့် မစူးစမ်းမဆင်ခြင်ဘဲ အမှန်တရား တုပင် အလွယ်တကူ အယုံလွယ်ကြလေသည်။စင်စစ် အားဖြင့် လူတို၏ ဥပါဒါန်အစွဲအလမ်းသည် လူ၏ အမှန် တရားသိမြင်မှုကို တိုက်ရိုက်ချုပ်ခြယ်သည်။အမှန်တရား ကို ချစ်မြတ်နိုးသူများသည် အစွဲကင်းအောင် နေလေ့ရှိကြ ကုန်၏။လူ,နတ်,ဗြဟ္မာ,သတ္တဝါအပေါင်းတို့ ထိုအမှန် တရားကို သိမြင်နိုင်ရန် သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းအဖြစ်တိုင်အောင် လေးအသင်္ချေနှင့် ကမ္ဘာတိုင်အောင်ပါရမီအပေါင်းတို့ကို ဖြည့်ဆည်းတော် မူပြီး၍ ဗုဒ္ဓဖြစ်သည့်တိုင်အောင်လည်း သစ္စာဝမ္မအမှန်

တရားကို ယုံမှားသံသယကင်းစွာ လမ်းပြည္သွန်ကြား တော်မူခဲ့လေသည်။ အမှန်တရားကို ချစ်မြတ်နိုးက မြတ်ဗုဒ္ဓရဲ့ တရားဓမ္မကို လေ့လာဖတ်ရှု ကျင့်ကြံအားထုတ်၍လည်းကောင်း အစွဲသဘောကင်း၍လည်းကောင်း နေခြင်းဖြင့် စစ်မှန်တဲ့အမှန်တရား ယုံကြည်မှုကို တွေ့ရပေမည်။ ''အမှန်းတရားကို ချစ်မြတ်နိုးသူအားလုံး အမှန်တရားကို တွေ့မြင်နိုင်ကြပါစေ''ဟူသောဆန္ဒဖြင့် ဤစာအုပ်ကို ထုတ်ဝေရေးသားပါသည်။

''အမှန်တရားကို တွေ့မြင်နိုင်ကြပါစေ''

စာရေးသူ
ရှင်တဒယဒီပ
(လှိုင်းဘွဲ့)

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အရှုံးကျေ အမြတ်ရှိစေ

ဆီမီးတိုင်ငယ်တစ်တိုင်နဲ့ ညဆိုပေမဲ့အိပ်မပျော် ဒင်းခနဲ့ မဆိုင်းမတွ အတွေးတစ်ခုပေါ်ပေါက်လာသည် ထိုအတွေးကား–လောကလူသားများသည် မဟာဘုတ်လေးပါးနှင့်ပေါင်းစပ်ပြီး ဖြစ်ထွန်းပေါ်ပေါက်လာတဲ့လူသားတွေဟာ ခန္ဓာချင်းတူပေမယ့် အသိဉာဏ်ချင်းတော့ မတူရာ ငယ်ရာကနေ ကြီးလာတာချင်းတူပေမယ့် အတွေ့အကြုံ အယူအဆချင်း မတူရာ၊ လူသားချင်း တူသော်လည်း စိတ်ချင်းမတူရာ၊ လုံးနေတဲ့ ကမ္ဘာလောကရဲ့ နိယာမကို ကြည့်မယ်ဆိုရင် အကောင်းနှင့်အဆိုးရှိသေးသည် မဟုတ်ပါလော့။

ဆက်လက်ပြီး ပညာရှိတို့နှင့် လူမိုက်တို့ရဲ့ အမြင်မတူပုံကို ကြည့်ပါအုံးလော ပညာရှိတို့ဟူသည် လူမိုက်တို့၏ အပြစ်မြင့်မိုရ်တောင်လောက် ကြီးမားပါသော်လည်းမမြင် မိမိ၏ ဇီးစေ့လောက်ရှိတဲ့ အပြစ်ကို မြင်နိုင်ကြတယ်။ လူမိုက်သည် ထိုသို့မဟုတ် ဇီးစေ့လောက်ရှိတဲ့ သူများရဲ့အပြစ်ကို ဆီလို အပေါက်ရှာပြီး မြင်တတ်ကြတယ်။

မိမိရဲ့ မြင့်မိုရ်တောင်လောက် ကြီးမားတဲ့ အပြစ်ကိုတော့ မမြင်နိုင်၊ အမှန်အားဖြင့်သော်ကား မိမိရဲ့ အပြစ်ကိုမြင်ပြီး ပြုပြင်မှသာ ပစ္စက္ခသံသရာ ကောင်းကျိုးရနိုင်၏ သူတစ်ပါး အပြစ်ကို မြင်ခြင်းအားဖြင့် အကုသိုလ် တိုးပွားရုံမှတစ်ပါး အခြားဘာမျှ အကျိုးမရပေ။

ဒါနဲ့ သိစေချင်တာ တစ်ခုက မိမိက ဗုဒ္ဓဘာသာ အမည်ခံပြီးတော့ ဗုဒ္ဓအကြောင်း ဗုဒ္ဓရဲ့လမ်းစဉ် ဗုဒ္ဓရဲ့ဂုဏ်တော် ဗုဒ္ဓရဲ့တရားတော်တွေကို မသိနားမလည်ရင် ဗုဒ္ဓဘာသာ အမည်ခံရကျိုး မနပ်နိုင်ပေ သို့သော် ဗုဒ္ဓကို ယုံကြည်သော အားဖြင့် ထက်သန်တဲ့ သဒ္ဓါနှင့် ဆည်းကပ် ကိုးကွယ် မယ်ဆိုရင် အရှုံးရယ်လို့မရှိပါ၊ အရှုံးမရှိပေမယ့်လည်း မိမိရော

ပရဟိတအတွက် အမြတ်မြောက်များစွာ ရယူနိုင်အောင် မိမိ၏ အမျိုးဘာသာ သာသနာကို ချစ်သောအားဖြင့် ကြိုးစားသင်ယူ အားထုတ် ကျင့်ကြံသင့်ရာ၏၊ ဗုဒ္ဓတရား ဒေသနာတော်သည် မသိမထူး သိမထူးဆိုတာမျိုးမဟုတ် ဗုဒ္ဓတရားတော်ကိုသိလျှင် သဒ္ဓါတိုးပွား၍ ပိုမိုယုံကြည်နိုင်၏၊ သိပြီးကျင့်လျှင် ချမ်းသာသုခ အဝဝကို ခံစားနိုင်ရာ၏။

မိဘ,ဘိုးဘွားကပင် ထားရှိသည်အစဉ်အလာမို့ ယုံကြည်ကိုးကွယ်ပြီး ဘာမျှမသိလျှင် ထိုယုံကြည်မှု မခိုင်မြဲ သလို ထိုသို့ကိုးကွယ်ရာ အားဖြင့်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာ ကိုးကွယ်နည်းဟုခေါ်ပါသည်။ ဗုဒ္ဓ၏တရားဒေသနာကို သိရှိပြီး ကျင့်ကြံနိုင်လျှင် ယုံကြည်ခြင်း ခိုင်မြဲသလို ထိုကိုးကွယ်ခြင်း သည်လည်း တကယ့်ဗုဒ္ဓဘာသာကိုးကွယ်နည်း ဟုခေါ်ပါသည် အကယ်၍သာ မိမိ၏အယူအဆဝါဒ ကိုးကွယ်ခြင်းမတူသော သူတစ်ယောက်က မိမိ၏ ဗုဒ္ဓပြသနာကို မေးခဲ့လို့ မိမိက မသိရင် သူတစ်ပါး အထင်သေးခြင်းမှ ကင်းလွတ်နိုင်မည် မဟုတ်ပေ၊ ထိုသို့အထင်သေး မခံရအောင် ဗုဒ္ဓဒေသနာ တော်သည် ကြာရှည်စွာတည်တံ့ဖို့ ကြိုးစား အားထုတ်သင့်တာ

မိမိရဲ့တာဝန်ပါ။

တန်ဖိုးရှိလှတဲ့ ကျောက်သံ ပတ္တ မြားတွေ မိမိရှေ့ မှောက် ရောက်ပါလျက်နဲ့ မိမိအတွက် မြက်လောက်တောင် တန်ဖိုးမရှိတဲ့ သမင်လို မဖြစ်ပါစေနဲ့ တန်ဖိုးရှိနေပါလျက် နဲ့လည်း ကောက်ယူနိုင်စွမ်းမရှိတဲ့ လက်မပါတဲ့ လူတစ် ယောက်လို မဖြစ်ပါစေနဲ့ မိမိအတွက် တန်ဖိုးရှိပြီး ကောက်ယူ နိုင်စွမ်းတဲ့ လူတစ်ယောက် ဖြစ်အောင် ကြိုးစားပါ၊ မိမိအတွက် တန်ဖိုးရှိပြီး ကောက်ယူနိုင်းစွမ်းတဲ့ လူတစ်ယောက် ဖြစ်အောင် ဆိုပြီး အမရပူရမြို့ မဟာဂန္ဓာရုံ လက်ရှိဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသမထေရ်ရဲ့ မှတ်သားစရာ လင်္ကာတစ်ပုဒ်ကို ဖတ်ကြည့်ရအောင်–

*ဝေဘူတောင်ကြီး ပမာမှီး စေတီးသာသနာ*
*ကံကောင်းထောက်မ ရောက်လာကြ များလှ သူတို့ငါ*
*ရတနာတွေ အထွေထွေ မရေမတွက်သာ*
*လက်မပါသူ များဗိုလ်လူ မယူမရရှာ*
*ယုံကြည်လေးမြတ် သဒ္ဓါဓာတ် မှတ်လေလက်တုသာ*
*အရေးမရောက် ဓားသွေးကျောက် မကောက်မိစေရာ*

စစ်မှန်တဲ့ယုံကြည်ခြင်းနဲ့ ပဲ့ကိုင်ရအောင်

*လူ့နတ်တို့များ စည်းစိမ်များ ဆားသွေးကျောက်ပမာ*
*ဇောတိသရကျောက် မြင်မောက်*
*ကောက်ယူရအောင်သာ*
*မင်္ဂလာဇော်,ဖိုလ်ဘဇော် မြတ်နိဗ္ဗာန် ပြည်တန်မြကြီးပါ။ ။*

တန်ဖိုးရှိတဲ့ ဇောတိသရ ကျောက်မျက်ရတနာတွေကို ရယူဖို့လည်း လက်ဆိုတာ လိုသေးတယ်မဟုတ်လား၊ ဒါကြောင့်မို့ အရင်ဦးဆုံး လူတစ်ယောက်ဖြစ်အောင် ကြိုးစားရမယ် ပြီးတော့ ကောက်ယူနိုင်စွမ်းတဲ့လက်လည်း လိုတယ်နော်၊ ပြောထားတာမဟုတ်လား၊ လက်ဆိုတာကလည်း ယုံကြည်တဲ့ သဒ္ဓါတရားကို ပြောတာနော် နောက်နောင်ဘဝအတွက် အောက်တန်းမကျဖို့ အဖိုးတန်တဲ့ ရွှေအိုးကို မြုပ်ရတယ်၊ အလှူခံပုဂ္ဂိုလ် ဆယ်ယောက်ကို လှူတယ်ဆိုတာ ရွှေအိုးမြုပ်တာပဲ၊ ဒါပေမဲ့ သီလကိုလည်း ခိုင်မြဲအောင် ကျင့်သုံးသင့်တယ်။

ကြုံခဲ့လှတဲ့ ဒီသာသနာတော်မြတ်ကြီးမှာ နောင်ဘဝအတွက်ရွှေအိုးမြုပ်နည်းရယ် မိမိလျှောက်လှမ်းရမယ့်လမ်းရယ် အစစအရာရာဗုဒ္ဓမြတ်စွာဘုရားက တာဝန်ကျေပွန်စွာနှင့် လူ

သားများအားလုံးကို ပေးထားခဲ့ပြီ၊ ရယူဖို့က မိမိ၏ တာဝန် ပါပဲ၊ဖြောင့်တန်းတဲ့ လမ်းပေါ်လျှောက်ချင်ရင် တာဝန်ကျေ အောင်လုပ် မိမိ၏အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးရင် လည်း မိမိရဲ့ဘာသာအယူဝါဒကို သိအောင် လုပ်နိုင်အောင် ကြိုးစား နောင်လာနောင်သား မျိုးဆက်သစ်လည်း သိအောင် လက်ဆင့်ကမ်းနိုင်ဖို့ ကြိုးစားသင်ယူပြီး လက်ဆင့်ကမ်းပေး ဒါပါပဲ၊ မိမိအတွက်ရော ပရဟိတအတွက်ပါ အကျိုးများမယ် ဗုဒ္ဓထားရှိတဲ့ သာသနာတော်ကြီးလည်း တည်တံ့ခိုင်မြဲပြီး များစွာသော လူသားအတွက်လည်း အကျိုးစီးပွားများ ပါလိမ့်မည်။

ဒီသာသနာတော်မြတ်ကြီးမှာ သံသရာအတွက် အဖိုး တန်တဲ့ ရတနာရိက္ခာတွေ ရယူနိုင်ဖို့ ဗုဒ္ဓမြတ်စွာက ပေးထားပြီး သား မိမိက သံသရာအတွက် ရိက္ခာယူပြီး နောက်ဆုံး လွတ်မြောက်ရာ အမတနိဗ္ဗာန် ရွှေပြည်နန်းကို ရယူနိုင်ဖို့ အားတင်းပြီး ရယူကြပါ–

တောဒေယျ ပုဏ္ဏားလို အရှုံးသမား အဖြစ်မခံပါနဲ့ တကယ်တော့ တောဒေယျ ပုဏ္ဏားက ကြုံခဲ့လှတဲ့ သာသနာနှင့်

ကြုံခဲ့ရပြီး ဒါပေမဲ့ တန်ဖိုးရှိတာကို တန်ဖိုးမထားတတ်ဘူး။ သူ့အယူဝါဒတွေနှင့် သူ့သား သုဘလုလင်ကို ဆုံးမတာ ကြည့်ပါလား၊ "ငါ့သား သုဘ ပစ္စည်းဥစ္စာကို သူတစ်ပါးအား မလှူပါနဲ့ လှူရင် အကျိုးမရဘူး ပစ္စည်းဥစ္စာကုန်လိမ့်မယ် တစ်ပဲရ တစ်ပဲစု, တစ်မတ်ရ တစ်မတ်စု ဒါမှ ကြီးပွား လိမ့်မယ်လို့" သူ့သား သုဘလုလင်ကို ဆုံးမထားတာ မဟုတ်လား၊ သူ့ရဲ့ မှားယွင်းတဲ့ အယူအဆကြောင့် ဗုဒ္ဓ သာသနာနှင့် ကြုံရလည်း သေတော့ ခွေးဖြစ်တာပဲ၊ ဒါက အမြတ်ယူရမှာ မယူတတ်တော့ အရှုံးသမား ဖြစ်ရတာပေါ့၊ ဒီသင်ခန်းစာကို ကြည့်ပြီး မိမိရဲ့ အရှုံးကျေလို့ အမြတ်ရှိအောင် ကြိုးစားအားထုတ်ကြပါ။

လက်စွပ်တစ်ကွင်းမှာ ဘေးကရွှေရံထားပြီး ဒုတိယ အလယ် စိန်ရတနာ ရံထားကာ တတိယအလယ် တည့်တည့် မှာ ပတ္တမြားနီလာကို စီခြယ်ထားတယ်၊ အဲ့ဒီမှာ အလယ်က ပတ္တမြားနီလာ ရတနာဟာ အဖိုးတန်ပြီး လူအနှစ် သက်ဆုံး ဖြစ်သလို မိမိရဲ့ဘဝဟာလည်း စည်းကမ်းဆိုတဲ့ ရွှေရံထားပြီး တပေဗဟုသုတဆိုတဲ့ စိန်ရတနာ ရံထားကာ အလယ်က

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

မတွာ မြားနီလာနှင့်တူအောင် ကြိုးစားကြရင်ဖြင် အရှုံးကျေလို့ အမြတ်ရှိလိမ့်မယ်။

## ဥပုသ်သည်တို့မှတ်သားရာ

ဘုန်းကြီးကျောင်းသွားလို့ တစ်ပတ်တစ်ခါပဲဖြစ်ဖြစ် တစ်လတစ်ခါပဲဖြစ်ဖြစ်ဥပုသ်စောင့်ဖို့သွားပြီးဆိုရင် ဥပုသ်စောင့် သူနဲ့တူအောင် ဥပုသ်စောင့်ကြတယ်၊ များသောအားဖြင့် ဥပုသ် စောင့်လို့ အမည်ခံကာ ကျောင်းရောက်ရင်ဖြင့် စကာများ မိဘ သားသမီးအကြောင်းတို့ ချဲ့ထိ အကြောင်းတို့ကို ပြောကြတာ များတယ်။ ဒါမကောင်းပါဘူး ဒီအကျင့်တွေကို ဖျောက်ကြပါ ဒီအကျင့်နဲ့ပဲ ဆက်သွားမယ်ဆိုရင် ဥပုသ်သည်ဆိုတဲ့ အမည်ကို

မိမိအတွက် အသာရအနှစ်မရှိအကာမဲ့ဖြစ်လိမ့်မယ် ဉပုသ်စောင့်သူတစ်ယောက်လို အမည်ခံရကျိုးနပ်အောင် ဉပုသ်သည် ပီသအောင် ဉပုသ်စောင့်ကြပါ။

ဘုန်းကြီးကျောင်းသွားပြီး ဉပုသ်စောင့်ပါလျက်နဲ့ တစ်ချို့က တစ်ရက်တလေ ဝိကာလဘောဇန သိက္ခာပုဒ်တောင် ကောင်းကောင်း မထိန်းနိုင်ကြဘူး အခုပဲ ဘုရားရှေ့မှာ“ ဝိကာလဘောဇနာ ဝေရာမဏိသိက္ခာပဒံ သမာဒိယာမိ”လို့ ဆိုပြီး အိမ်ပြန်ရောက်ရောက်ခြင်း ဗိုက်ဆာလို့ ညစာစားလျှင် ဘုရားကို လိမ်တာနဲ့တူပါတယ်၊ ရှစ်ပါးသီလ ကိုးပါးသီလတို့ မစောင့်နိုင်ရင် ငါးပါးသီလကိုပဲ လုံအောင်စောင့်ဖို့ကောင်းတယ်။ ဘုရားကိုတော့ မလိမ်ပါနဲ့ မကောင်းပါဘူး။

ဒီအကြောင်းနှင့်ပတ်သက်ပြီး မှတ်မှတ်ရရ ရှေးကဝတ္ထုတိုလည်း တစ်ပုဒ်ကိုသွားသတိရမိတယ်၊ ဟိုရှေးရှေးက ကျောင်းဒကာကြီးနှင့် ကျောင်းအမကြီးတို့ ကျောင်းကိုသွားပြီး ဉပုသ်စောင့်ကြတယ် ဉပုသ်စောင့်ပြီးအပြန်မှာ ဆွမ်းဟင်းအကျန်ကို ချိုက်ထဲအကုန်ထည့်ယူလာသတဲ့ ညရောက်တော့ ကျောင်းဒကာကြီးက ဘုရားခန်းမှာ အိပ်ပြီး ကျောင်းအစ်မ

ကြီးက အိမ်ခန်းထဲမှာ အိပ်သတဲ့ အိပ်ရင်းနှင့် ကျောင်းဒကာကြီးက အဟမ်းလို့ ချောင်းသံပေးလိုက်တယ် ဒါနဲ့ ကျောင်းအစ်မကြီးကလည်း အဟမ်းဆိုပြီး ချောင်းသံပြန်ပေးလိုက်တယ် ဒီလိုနဲ့ ဘုရားခန်းနဲ့ အိမ်ခန်းအပြန်အလှန် ချောင်းသံပေးရင်း ကျောင်းအစ်မကြီးက စဉ်းစားတယ် အင်း ကျောင်းဒကာကြီးရဲ့ အဟမ်းကလည်း တကယ့်ချောင်းမဟုတ်ဘူး လုပ်ချောင်းကြီးပဲ ဘာအကြံရှိလဲတော့မသိဘူး ဒီတစ်ခါ ငြိမ်နေလိုက်မယ် ဆိုပြီးတော့ နောက်တစ်ခါ ကျောင်းဒကာကြီးက အဟမ်း လို့ အသံပေးပေမယ့် ချောင်းသံပြန်မလုပ်ဘဲ ငြိမ်နေလိုက်တယ်၊ ဒီတော့ ကျောင်းဒကာကြီးက အမ်း ကျောင်းအစ်မကြီးဆီက အသံပြန်မကြားရဘူး ဧကန္တသူအိပ်နေလောက်ပြီဆိုပြီးတော့ အသာကလေးထ မီးပိုချောင်ထဲဝင်ပြီး မနက်ကကျန်ခဲ့တဲ့ ထမင်းနဲ့ ချိုက်ထဲကပါလာတဲ့ ဟင်းနဲ့ပန်ကန်ထဲခူးခပ်ပြီးတော့ ခြင်ထောင်ထဲမှာ ငုတ်တုတ်ထိုင်စားနေတယ် ခဏနေတော့ ကျောင်းအစ်မကြီးကလည်း ကျောင်းဒကာကြီးဆီက ချောင်းသံထပ်မကြားရတော့ ဧကန္တသူအိပ်လောက်ပြီ ဆိုပြီး တော့ မီးပိုချောင်ထဲဝင်ပြီး ထမင်းအိုး ဟင်းအိုးဖွင့် ကြည့်ပြီး

မနက်က ချန်ထားခဲ့တဲ့ ထမင်းအိုးထဲမှာ ကျောင်းက ယူလာခဲ့တဲ့ ဟင်းတွေနဲ့ ရောသမမွှေလိုက်တယ် မနက်ကျရင် ငါ့ပဲဆေးရမှာမထူးဘူးဆိုပြီး ဒန်အိုးလိုက်ယူလာတယ် မီးဖိုချောင်ကနေ အပြင်ရောက်တော့ ကျောင်းအစ်မကြီးက စဉ်းစားတယ် အင့် ငါစားသာစားရမှာ ကျောင်းဒကာကြီး တွေသွားရင်တော့ ဒုက္ခပဲ အိပ်မအိပ်သေချာသိရအောင် သွား ကြည့်ကြည့်အုံးမှဆိုပြီးတော့ ကျောင်းဒကာကြီးရဲ့ ခြင်ထောင် ကို 'မ' ကြည့်လိုက်တယ် ခြင်ထောင်ထဲမှာ ကျောင်းဒကာကြီး ငုတ်တုတ်ကြီးနဲ့ ထမင်းစားနေရင်း ဟော့ ကျောင်းအစ်မကြီး နင်ဘာလုပ်တာလဲ လို့မေးလိုက်တယ် ကျောင်းအစ်မကြီး ကလည်း မတတ်လို့သာ လက်ထဲကဒန်အိုးပြပြီး တော်ထမင်း များလိုနေအုံးမလားလို့ ဖြေလိုက်တော့တယ်။

ဥပုသ်သည်ဆိုပြီး ညထမင်းခိုးစားတာ သိပ်အရေး မကြီးဘူး ဒီကြားထဲ လူတွေတွေ့သွားရင် ရှက်စရာကြီးဖြစ် နေအုံးမယ် တချို့ကျတော့ ဥပုသ်သည်ဆိုပြီး ကျောင်းရောက် ရောက်ချင်း ဦးဇင်း,ကိုရင်တွေကို ဟိုခိုင်းဒီခိုင်းနဲ့ ခိုင်းလို့မရရင် ကဲ့ရဲ့ ရှုတ်ချ ဒါကသိပ်ငရဲကြီးတယ်၊ ပြောလိုက်ရင် ငရဲဆိုတာ

ကြောက်စရာမလိုဘူးတဲ့ တကယ်ရောက်တော့မှ တောင်းပန်လို့ရတဲ့အရာမဟုတ်ဘူး၊ ဒါကြောင့် တကယ်မရောက်သေးခင် မကောင်းတာတွေကို ရှောင်နိုင်သလောက် ရှောင်ကြဉ်တာ အကောင်းဆုံးပဲ ကဲ့ရဲ့ရှုတ်ချခြင်းဟာ မကောင်းသောအကုသိုလ်ကံဖြစ်တယ်၊ သူတစ်ပါးရဲ့ကောင်းကွက် လေးကိုကြည့်ပြီး ကိုးကွယ်ဆည်းကပ်မှ အဖိုးမဖြတ်နိုင်တဲ့ အနဂ္ဃ ရွှေအိုးကြီးကို ပိုင်ဆိုင်ရသလိုပင်ဖြစ်သည်။ ပူနေတဲ့မီးကို သူအလိုလိုပူပါစေသွားမကိုင်နဲ့ ကိုင်မိရင် ကိုယ်ပါလောင် တတ်တယ်။ဒါနဲ့ ဥပုသ်သည်နှင့် ပတ်သက်တဲ့ အကြောင်းအရာကို ပြန်ဆက်ရမယ်ဆိုရင် ဥပုသ်ဆိုတဲ့စကားလုံးဟာ "ဥပေါသထ" ဆိုတဲ့ ပါဠိစကားလုံးကနေ သက်ဆင်းလာတဲ့ စကားဖြစ်တယ်၊ (ဥပ–သူ့အသက်ကိုသက်ခြင်း၊ ပါဏာတိပါတ ကံအစရှိတဲ့ ငါးပါး, ရှစ်ပါး,ဆယ်ပါးသောသီလတို့နှင့် ပြည့်စုံ၍၊ ဝသထ–နေခြင်းတဲ့၊) သူ့အသက်ကိုသက်ခြင်းစသော အင်္ဂါ ရှစ်ပါးနှင့်ပြည့်စုံတဲ့ သီလကိုဆောက်တည်ပြီး ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်များကို အာရုံပြုပြီး အကုသိုလ်စိတ်မဖြစ်အောင် စောင့်စည်းနေထိုင်မှုကို ဥပုသ်လို့ခေါ်သည်။

မြင့်မြတ်တဲ့ရဟန္တာအရှင်မြတ်တို့သည် သူ့အသက်စသော အကုသိုလ်ညစ်နွမ်းသော လောကီအာရုံကာမဂုဏ်တို့ကို ရှောင်ကြဉ်ပြီး ညစာစားခြင်း ပန်းနံ့သာလိမ်းခြင်းတို့ကို မပြုသလိုဘဲ ငါလည်းယနေ့အဖို့ ထိုအကုသိုလ်တို့ကို မပြုဘဲ မိမိကိုယ်ကို အလွန်တင်မြှောက်ကာ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကို အာရုံပြုပြီး ယခုလိုကြည်လင်အေးမြတဲ့ ကုသိုလ်ကောင်းမှုကို ပြုရသည်အတွက် ဒုက္ခခပ်သိမ်းငြိမ်းအေးနိုင်မယ်လို့ ဆင်ခြင်ရတယ်။မြဝတီမှာသီတင်းသုံးတုန်းက ဆရာတော်ဦးအဂ္ဂဝံသက ဆုံးမဖူးပါတယ်၊ သူတစ်ပါးချိုးမွမ်းမခံချင်ရင်နေပါ အကဲ့ရဲ့ခံရအောင်တော့မနေပါနဲ့ ၊ ဆရာသမားရဲ့စကားဆိုတာလည်း အဖိုးတန်တယ် အဖိုးတန်လို့မို့လည်း ထည့်ပြောရတာပေါ့၊ ဒါကြောင့်မို့ ဥပုသ်သည်များတို့လည်း အကဲ့ရဲ့မခံရစေဘဲ အသိတရားနဲ့စိတ်စင်ကြယ်အောင် သီလစောင့်ဆည်းပြီး သံသရာကောင်းရေးအတွက် ရိက္ခာယူကြပါ၊ ငါးကင် ကိုတွေ့လျှက်နဲ့ မစားတဲ့ ကြောင်လိုမဖြစ်စေနဲ့။

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

မှတ်ရန်ဆောင်ပုဒ်ကား–

*မိမိစိတ်မှာ စင်ကြယ်လာအောင် အင်္ဂါရှစ်တန် သီလ ခံ၍ မြိုးမြီအောင့်အည်း တစ်ပြောင့်တည်းဖြင့် စောင့်စည်း အားထုတ် တရားကုတ် ဥပုသ်စောင့်တုမှတ်။*

*(မဟာဂန္ဓာရုံဆရာတော်)*

## လူသေလူဖြစ် ကောလာဟာလ
## နှင့်
## ဗုဒ္ဓရဲ့တရားကြေးမုံတော်

နံနက် အရုဏ်ဆွမ်းစားအပြီး ကျောင်းအရှေ့ဘက် တောင်ခြေရင်းချောထဲ ဦးတည်လမ်းလျှောက်မိတယ် အတွေး များနေတော့ ခြေလှမ်းပျာယာခတ်ပြီး ဘယ်ကိုလမ်းလျှောက် ရမှန်းမသိ ဦးတည်ရာမဲ့နေချိန်မှာ မထင်ဘဲ နန်းသဇင်အေးက

အိမ်ထဲကြွဖို့ လှမ်းပင့်လိုက်တော့ အိမ်ပေါ်တက်ပြီး စကားပြောရင်း နန်းသဇင်အေးက သူ့ရဲ့သံသယ အမေးပြဿနာတစ်ခု စာရေးသူကို မေးတာပေါ့ "အရှင်ဘုရား တပည့်တော်တို့ရွာမှာ ဟုတ်လား မဟုတ်လားတော့အပထား သေပြီးသူတိုင်း လူပြန်ဝင်စားတယ်လို့ပဲကြားရတယ် ကောင်းမှုလုပ်သူက ကောင်းတဲ့သုဂတိဘုံရောက်ရတယ် မကောင်းလုပ်သူကအပါယ် ကျရတယ်လို့ ဘုရားဟောထားတယ်၊ အခုကြားနေတာက မောင်ကြည်အေးလူပြန်ဝင်ပြီးတဲ့ ဒီလူကအရက်သောက်ဖဲရိုက် သူများပစ္စည်းခိုး ဒီအလုပ်နဲ့ပဲ အသက်ရှင်နေရသူက လူပြန်ဝင်စားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား" ဒီအမေးပြဿနာကို ဉာဏ်မှီသလောက်ဖြေရရင် အရင်ဆုံးဗုဒ္ဓမြတ်စွာဘုရားမိန့်ကြားတဲ့ ဒုလ္လဘ–ရခဲတဲ့တရားငါးပါးကိုသိနှင်းထားရမယ်၊ ဒီတော့ ဗုဒ္ဓမြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က–ဒုလ္လဘငါးပါးကို ဤကဲ့သို့ မိန့်ကြားခဲ့လေသည်.......

သံသရာရေးလာမည်ဘေးကို မျှော်တွေးကြောင့်ကြအိုချစ်သားတို့ လောကမှာရခဲတဲ့ ဒုလ္လဘငါးပါးဆိုတာ .....

## ၅၄ င်ဟာဒယဒီပ(လှိုင်းဘွဲ့)

“ ၁။ ဤလောက၌ ဗုဒ္ဓပွင့်တော်မူရာ အချိန်အခါသည် အလွန်ရခဲ၏၊

၂။ ဗုဒ္ဓပွင့်ရာအခါ ဖြစ်ပါသော်လည်း လူ့ဘဝရရန် ခဲယဉ်း၏၊

၃။ လူဖြစ်သော်လည်း သမ္ပတ္တိသုံးပါးကို ရရန်ခဲယဉ်း၏၊

၄။ သမ္ပတ္တိသုံးပါး ရသော်လည်း ရဟန်းဖြစ်ရန် ခဲယဉ်း၏၊

၅။ ရဟန်းဖြစ်ပါသော်လည်း တရားတော်အတိုင်း ကျင့်ကြံ အားထုတ်နိုင်ဖို့ခဲယဉ်း၏” ဟု ကောင်းစွာမသေ့ဘောကြားတော်မူ၏။

မှတ်ချက်။ ။ သမ္ပတ္တိသုံးပါးကာ တိဟိတ်ပဋိသန္ဓေ ဟူသော ဉာဏသမ္ပတ္တိ၊ အင်္ဂါတို့ရဲ့ မချွတ်ယွင်းခြင်းဟူသော အင်္ဂသမ္ပတ္တိ၊ ရတနာသုံးပါးကို ယုံကြည်ခြင်းဟူသော သဒ္ဓါ သမ္ပတ္တိဟူ၍ သုံးမျိုးရှိပါသည်။

ဒီတော့မြတ်စွာဘုရားဟောကြားတဲ့ ဒုလ္လဘတရား ငါးပါးထဲက ဒုတိယမြောက်က လူ့အဖြစ်ကရရန်ခဲယဉ်းတယ်

လို့ဟောကြားခဲ့တယ်၊ လူ့ဘဝဆိုတာ ရဖို့ခဲယဉ်းတယ် လွယ်လွယ်လေးနဲ့ လူမဖြစ်နိုင်ဘူး သတ္တဝါတိုင်းက ကံတရားအတိုင်း ကံစီမံရာကိုပဲလိုက်ရမှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းငယ်မှာ ပြထားတဲ့ ပါဠိစာပုဒ်ထဲ ထောက်ရှုကြည့်ရင်...

**ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓေ ဇနေတိ၊ တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိပန အဠှပိ သဗ္ဗထာပိ ကာမလောကေ ရူပလောကေစ ယထာရဟံ ဝိပစ္စတိ။**

မြန်မာလိုကတော့ ကာမကုသိုလ်ကံ ပြုတဲ့သူဟာ ကာမသုဂတိလို့ခေါ်တဲ့ ဘုံတွေထဲမှာပဲ ပဋိသန္ဓေဖြစ်စေတယ်၊ ထိုအတူပဝတ္တိအခါမှာပဲ မဟာဝိပါက်စိတ်ရှစ်ပါးကို ဖြစ်စေနိုင်တယ်၊ အဟိတ်ကုသလဝိပါတ်စိတ် ရှစ်ပါးကတော့ အလုံးစုံဖြစ်တဲ့ ကာမလောက ရူပလောကမှာ ထိုက်သလို ဖြစ်စေနိုင်တယ်၊ အစိပ်ပိုင်းကောက်ကြည့်လိုက်တော့ ရိုးရိုး ကုသိုလ်ပြုတဲ့သူတစ်ယောက်အနေနဲ့ ရိုးရိုးကာမသုဂတိ ခုနစ်ဘုံမှာပဲ ဖြစ်စေတယ်၊ အထက်တန်းကျ ကုသိုလ်မျိုးကျတော့ အထက်တန်းကျကျ အကျိုးပေးမှာပဲ၊ အကုသိုလ်ပြုသူတစ်ယောက်အနေနဲ့

ကောင်းတဲ့သုဂတိ ဘုံမရနိုင်ဘူး အပါယ်ကျဖို့ပဲ ရှိတယ်။

မမြင်နိုင်တဲ့ ဘ၀များစွာထဲက သူပြုထားတဲ့ကုသိုလ်ကံလေး အကျိုးပေးခွင့်မသာလို့ ဒီဘ၀မှာလာပြီး အကျိုးပေးနေရင်တော့ ကောင်းတဲ့ဘုံမှာ ရနိုင်တာပေ့ါ။ အဲ့ဒီကံက အပရာပရိယဝေဒနီယကံလို့ခေါ်တယ်၊ ဒါမှမဟုတ် မသေခင်လေးမှာ အစွဲအလမ်းနဲ့သေပြီး ပြိတ္တာဖြစ်ခဲ့ရင် ကျန်ရစ်သူမိသားစုက ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှဝေလို့ အဲ့ဒီကုသိုလ် အမျှကို သူရယူနိုင်စွမ်းရှိပြီး သာဓုခေါ် ဖြစ်ရင် ကာမသုဂတိခုနစ်ဘုံမှာ ရနိုင်တယ်၊ ဒါတွေက ဆုံးဖြတ်လို့ရတဲ့အရာ မဟုတ်ပါဘူး။ မြတ်စွာဘုရားမေးပြီး ယကန်းသည်မလေး ဖြေသ လိုအဖြစ်နဲ့ ပြောရရင်–

၁။ ဒီဘ၀သေလို့ နောင်ဘ၀ ဘယ်ဂတိရောက်မည်ကို ကြိုတင်မသိနိုင်ဘူး။

၂။ ဘယ်ဘ၀ ကနေလာတယ်ဆိုတာလည်း မသိနိုင်ဘူး။

၃။ သေရမှာတော့ လုံးဝသိတယ်။

၄။ ဘယ်အချိန်သေမလဲတော့ မသိနိုင်ဘူး။

လူတစ်ယောက်မှာ သေခါနီးအချိန်ရောက်ပြီးဆိုရင် အဲ့ဒီသေတော့မယ့်အချိန်ဆဲဆဲမှာ ကမ္မနိမိတ်,ဂတိနိမိတ် လို့ခေါ်တဲ့ နိမိတ်နှစ်ပါး ထင်လာတယ်၊ ကိုယ်ပြုထားတဲ့ ကောင်းမှု, မကောင်းမှုကို ပြန်မြင်ယောင်တာက ကမ္မနိမိတ် လို့ခေါ်တယ်၊ အဲ့ဒီကံတွေကြောင့်ရောက်မယ့်ဘုံဂတိထင်တာက ဂတိနိမိတ်လို့ခေါ်တယ်။

သူများပြောလို့ တဆင့်ကြားရုံနဲ့ အမှန်သတ်မှတ်လို့ မရဘူး၊ ဒါကြောင့်မို့ မဆုံးဖြတ်သင့်တဲ့ အရာဆယ်မျိုးကို မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတယ်-

၁။ တစ်ဆင့်ကြားရုံဖြင့် အမှန်ဟူ၍ အတည်မယူသင့်ပါ။

၂။ အစဉ်အဆက်သောစကားမျှဖြင့်လည်း အတည်မယူသင့်ပါ။

၃။ ဤသို့ဖြစ်ဖူးသည်ဟူသော အတွေးဖြင့်လည်း အတည်မယူသင့်ပါ။

၄။ စာပေနှင့်ညီညွတ်သည်ဟူ၍လည်း အတည်မယူသင့်ပါ။

၅။ ကြံဆတွေးတောခြင်း မျှဖြင့်လည်း အတည်မယူသင့်ပါ။

**ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)**

၆။ နည်းမှီ ယူခြင်းမျှဖြင့်လည်း အတည်မယူသင့်ပါ၊

၇။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း အတည်မယူသင့်ပါ၊

၈။ မိမိအယူအဆနှင့် တူမျှသည်ဟူ၍လည်း အတည် မယူသင့်ပါ၊

၉။ ယုံကြည်သော ရဟန်းလူပုဂ္ဂိုလ်၏ အယူဖြစ်သည် ဟူ၍လည်း အတည်မယူသင့်ပါ၊

၁၀။ ဆရာ၏အယူ ဖြစ်ရုံနှင့်လည်း အတည်မယူသင့်ပါ ဟူ၍ မိန့်တော်မူ၏။

ဒါကြောင့် အရာရာတိုင်းကို လွယ်လွယ်လေးနဲ့ မဆုံး ဖြတ်စေချင်ပါ၊ လူဝင်စားဆိုတာ မရှိဘူးလို့ မဆိုလိုပါ၊ အဓိက ဆိုလိုချင်တာက လူဖြစ်ဖို့ဆိုတာ အလွန်ခဲယဉ်းတယ်လို ဆို ချင်တာပါ။

သေပြီးရင် ဘယ်ရောက်နိုင်မလဲဆိုတာကို သိစွမ်းနိုင်ဖို့ မြတ်ဗုဒ္ဓရဲ့ တရားကြေးမုံတော်ကို ဆက်ပါအုံးမည်။

မြတ်စွာ ဘုရား ကောင်္ခရာ၌ ကျွတ်ထိုက်သော သတ္တ ဝါတို့အလိုက် နေတော်မူပြီး၍ နာဠိကာရွာသို့ ကြွတော်မူ၏၊

သုတေသနစာကြည့်တိုက်
အာသန္နာတော်ထွန်းကားပြန့်ပွားရေး...


နာဋိကာရွာသို့ ရောက်သောအခါ လူသေရင်ဘယ်ဘုံမှာ ဖြစ်နေနိုင်မလဲဆိုတဲ့ အာနန္ဒာရဲ့ အမေးပုစ္ဆာကြောင့် မြတ်စွာဘုရားက အရှင်အာနန္ဒာအား အာနန္ဒာ ကွယ်လွန်တိုင်းသော ပုဂ္ဂိုလ်၏ ရောက်ရာဘုံဂတိကို မေးကြပါများလျှင် ငါဘုရားပင်ပန်းရုံသာရှိမည်၊ မည်သူကိုမျှမမေးရဘဲ မိမိကိုယ်ကို မိမိဆုံးဖြတ်နိုင်ဖို့ရာ ဓမ္မာဒါသတရားကြေးမုံတော်ကြီးကို ပြတော်မူမည် ဟုမိန့်တော်မူကာ တရားကြေးမုံတော်ကို ဟောတော်မူ၏။

အာနန္ဒာ အရိယာဖြစ်တော်မူသော ငါဘုရား၏သာဝကဖြစ်သူသည် အကြင်တရားတည်းဟူသော မှန်ဖြင့်ပြည့်စုံတော်မူသောသူသည် မိမိကိုယ်ကိုသိမြင် ရသောအခါ ငါ့မှာငရဲတိရစ္ဆာန်ပြိတ္တာ အသူရကာယ်လို့ခေါ်တဲ့ အပါယ်လေးဘုံကျဖို့အကြောင်းကုန်ပြီး ငါသည်သောတာပန်ဖြစ်ပြီး ဖောက်ဖောက်ပြန်ပြန် အပါယ်လေးဘုံသို့ ကျရောက်ဖို့ ကြောင်းမရှိ တောပြီဟု မိမိကိုယ်ကို မိမိဖြေဆိုနိုင်ရာ၏၊ ထိုသို့ဖြေဆိုနိုင် ရန်ဖြစ်သော တရားကြေးမုံတော်ကြီးသည် အဘယ်နည်း–

၁။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ဗုဒ္ဓ၏အရဟာတာစသောဂုဏ်တော်တို့ကို စေ့စေ့



၂၉၀၇၅

ငုငုညာဏ်ဖြင့်ရှု၍ အာရုံပြုသောအခါ မြတ်စွာဘုရား၌ နှစ်နှစ်ကာကာ လွန်စွာကြည်ညိုသောသဒ္ဓါတရားဖြစ်ပေါ်လာ၏။ ထိုသို့ မြတ်စွာဘုရားအပေါ်၌ အဝေစ္စပသာဒညာဏ်ဖြင့် ကြည်ညိုခြင်းဟုခေါ်ရလောက်အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့်ပြည့်စုံ၏။

၂။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကသည် တရား၏သွာက္ခာတ စသောဂုဏ်တော်တို့ကို စေ့စေ့ငုငုညာဏ်ဖြင့်ရှု၍ အာရုံပြုသောအခါ တရားတော်၌ နှစ်နှစ်ကာကာလွန်စွာကြည်ညိုသော သဒ္ဓါတရားဖြစ်ပေါ်လာ၏၊ ထိုသို့ တရားတော်အပေါ်၌ အဝေစ္စပသာဒညာဏ်ဖြင့် ကြည်ညိုခြင်းဟုခေါ်ရလောက်အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့်ပြည့်စုံ၏။

၃။ အရိယာဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကသည် သံဃာ၏သုပ္ပဋိပန္နစသော ဂုဏ်တော်တို့ကို စေ့စေ့ငုငုညာဏ်ဖြင့်ရှု၍ အာရုံပြုသောအခါ သံဃာတော်၌ နှစ်နှစ်ကာကာလွန်စွာကြည်ညိုသော သဒ္ဓါတရားဖြစ်ပေါ်လာ၏၊

ထိုသို့ သံဃာတော်အပေါ်၌ အဝေစ္စပသာဒညာဏ်ဖြင့်

ကြည်ညိုခြင်းဟု ခေါ်ရလောက်အောင် ပညာရှေ့သွားရှိသော သဒ္ဓါတရားနှင့်ပြည့်စုံ၏။

၄။ အရိယာတို့ အလွန်နှစ်သက်အပ်သော မကျိုး မပေါက်မပျောက်မကျားသော၊ တဏှာဖြင့် လောကီဥစ္စာကို မတောင်းတသော၊ ပညာရှိတို့ချီးမွမ်းအပ်သော၊ တဏှာဒိဋ္ဌိဖြင့် မသုံးသပ်အပ်သော၊ ဥပစာရသမာဓိ အပ္ပနာသမာဓိကို ဖြစ်စေ နိုင်သော ငါးပါးသီလနှင့် ပြည့်စုံ၏။

ဤလေးပါးသော ပြည့်စုံခြင်းနှင့် ပြည့်စုံပြီးလျှင် မိမိကိုယ်ကိုစဉ်းစားကြည့်သော အခါအပါယ်လေးဘုံမှလွတ်ပြီး ဟု သိမြင်နိုင်သော ကြေးမုံတော်ကြီးဖြစ်၏၊ ဒီပြည့်စုံတော်ကြီး လေးပါးနှင့်ညီလျှင် သံသရာဘေးမှ လွတ်မြောက်နိုင်ကြောင်း ကောင်းမြတ်တဲ့ တရားကြေးမုံတော်ကြီးဖြစ်ပေ၏။ ။

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)
## စစ်မှန်တဲ့ ယုံကြည်ခြင်းနဲ့ ပဲ့ကိုင်ရအောင်

ဒီတော့စစ်မှန် မွန်မြတ်သော ဗုဒ္ဓဘာသာကောင်းတစ်ယောက် ဖြစ်ရန်အတွက် အခြေခံဗုဒ္ဓဘာသာတရား ဗုဒ္ဓဝင် ဗုဒ္ဓရဲ့မဇ္ဈိမ လမ်းစဉ်စသည်တို့ကို လေ့လာကျင့်သုံး အားထုတ်သင့်ပါသည်။ ဗုဒ္ဓဘာသာကောင်း တစ်ယောက် အနေနဲ့ တစ်နေ့တာအတွက် ကုသိုလ်ဥစ္စာ ပညာတန်ခိုး စသည် ကောင်းကျိုးကို ဖြစ်စေနိုင်သော အလုပ်ကို တစ်ခုမဟုတ် တစ်ခုလုပ်ဖြစ်အောင် လုပ်သင့်ပါသည်၊ တစ်နေ့တာအတွက် ဘာမှမလုပ်ဘဲ ထိုင်မှိုင်နေရင် တစ်နေ့တာရဲ့ အချိန်ကို ပြန်လိုချင်သော်လည်း မရနိုင်ပါ၊ ထိုတစ်နေ့တာဟာ ဝမ်းနည်းစရာ အတိနဲ့ ဖြတ်သန်းနေရတော့မည် ဖြစ်၏။သုံးလောကထွဋ်ထား မြတ်စွာဘုရားရဲ့ တစ်နေ့တာလုပ်ငန်းကို ကြည်ညိုသဖွယ် အာရုံပြုကြည့်ရင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နံနက်စောစော ထ၍ ယနေ့အဖို့ ကျွတ်ထိုက်သမျှကို ဉာဏ်တော်ဖြင့် လောကသုံးပါးကို ကြည့်တော်မူ၍ ဉာဏ်တော်အတွင်း၌ ထင်လာလျှင်

သင့်တော်သောအချိန်၌ ထိုသူ ရှိရာ သို့ကြွတော်မူပြီး တရားဟောတော်မူ၏၊ နံနက်မိုးသောက် အလင်းရောက်သော အခါ ရောက်လေရာမြို့အတွင်းသို့ တစ်ပါးတည်းသီးခြားဖြစ် စေ ဆွမ်းခံကြွတော်မူ၏။ ဆွမ်းခံရင်း မကြာမကြာတရားဟော ပြီး ဝေနေယျသတ္တဝါအပေါင်းအား အကျွတ်တရားရစေတော် မူ၏။ ဆွမ်းခံပြန်ဆွမ်းဘုန်းပေးပြီးနောက် ရဟန်းတော်များ ဆွမ်းဘုန်းပြီးသည့် တိုင်အောင် စောင့်ဆိုင်းတော်မူ၍ ဆွမ်း ဘုန်းပြီး စုဝေသောအခါ “**အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ**”အစရှိသော ဩဝါဒပေးတော်မူ၏။ အချို့သော ရဟန်းတော်များအား ကမ္မဋ္ဌာန်းပေးတော်မူ၏။

ထို့နောက် ဂန္ဓကုဋီတိုက်သို့ ဝင်တော်မူ၍ တစ်ခဏမျှ ကျိန်းစက်လိုရင် ကျိန်းစက်တော်မူ၏၊ ထို့နောက် ထတော်မူပြီး ကျွတ်ထိုက်သမျှကို ဉာဏ်တော်ဖြင့် ကြည့်တော်မူပြီး နေ့လွဲ သောအချိန်၌ တရားနာလာကြသော ပရိတ်သတ်တို့အား တရားဟောတော်မူ၏။ ညနေစောင်း၍ ပရိတ်သတ်များ ပြန် သောအခါ ရေသုံးသပ်တော်မူ၍ တစ်ပါးတည်း တစ်ခဏမျှ ကိန်းအောင်းတော်မူ၏။

ကိန်းအောင်းတော်မူပြီး တစ်ခဏ၌ နေဝင်၍မကြာခင် ရဟန်းတော်များရောက်လာကြ၏၊ တစ်ချို့က တရားဟောရန် တောင်းပန်၍ တစ်ချို့က ကမ္မဋ္ဌာန်းတောင်းကြ တစ်ချို့က ပြဿနာ မေးမြန်းကြလေသည်၊ ဗုဒ္ဓမြတ်စွာဘုရားသည် ရဟန်းတော်များ၏ အလိုအားလုံးကို ဖြည့်ပေးတော်မူ၍ ရဟန်းတော်များပြန်သောအခါ ညဉ့်ဦးယံ ကုန်လွန်ပြီးဖြစ်၍ (၁၀)နာရီကျော် လူခြေတိတ်ရာအခါ၌ နတ်,ဗြဟ္မာများပင် ဘုရားဖူး တရားနာ ပြဿနာမေးရန် လာကြလေ၏၊ ဗုဒ္ဓ မြတ်စွာဘုရားသည်လည်း နတ်,ဗြဟ္မာများ၏ အလိုအားလုံးကို ဖြည့်ပေးတော်မူပြီးသောအခါ နောက်ဆုံးမိုးသောက်ယံကို သုံးပိုင်းပိုင်းတော်မူသည်၊ ပထမအချိန်ဝယ် တစ်နာရီကျော် စင်္ကြံကြွတော်မူလေသည်။ ဒုတိယအချိန်ဝယ် ဂန္ဓကုဋီတိုက်သို့ ဝင်တော်မူ၍ တတိယပိုင်းအချိန်၌ကား ရှေ့နည်းအတိုင်း ကျွတ် ထိုက်သမျှကို ဉာဏ်တော်ဖြင့်ကြည့်တော်မူ၏။ ဤသည် မြတ် ဗုဒ္ဓ၏ ကြည်ညိုဖွယ်ရာ တစ်နေ့တာလုပ်ငန်းဖြစ်တော်မူ၏။

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာအများစုသည် ဗုဒ္ဓရှဲပါရမီ ဗုဒ္ဓရဲ့ဂုဏ်တော်တို့ကို ကြည်ညိုလေးစား သက်ဝင်ယုံကြည်

ကိုးကွယ်သူသည် ရှားပါးလှ၏၊ ယေဘုယျအားဖြင့် ဗုဒ္ဓရဲ့နိုင်းဆမရသည့် တန်ခိုးတော်ကြောင့်သာ ကိုးကွယ်ကြ၏။ ဒါကြောင့်မို့ မရှိခိုးထိုက်တဲ့ နတ်များကိုတောင် တန်ခိုးတော်ကို အားကိုးလို၍ သက်ဝင်ကိုးကွယ် ယုံကြည်ကြသည် မဟုတ်လော။

ဗုဒ္ဓမြတ်စွာသက်တော် ထင်ရှားရှိစဉ်က ဗုဒ္ဓရဲ့ သာဝကတွေက ဗုဒ္ဓကိုဘာကြောင့် ဘယ်လိုနည်းနဲ့ သက်ဝင်ယုံကြည် သလဲဆိုတော့ သက်ဝင်ယုံကြည်ကိုးကွယ်ရခြင်းရဲ့ အကြောင်းရင်းကို ဗုဒ္ဓက ‘‘ငါဘုရားရှင်အား သာဝကတို့ ကြည်ညိုလေးစားခြင်းသည် အာစာရနည်းပါးမှု,အဝတ်၌ မြိုးခြံမှု, အစား၌မြိုးခြံမှု ,ကျောင်းသခ်န်း၌ မြိုးခြံမှု ဆိတ်ငြိမ်းရာ အရပ်၌သာ ကပ်ရောက်မှုများကြောင့် ကြည်ညိုလေးစားခြင်း မဟုတ်နိုင်တန်ရာ စင်စစ်သော်ကား ငါဘုရားရှင်အား သာဝကတို့ ကြည်ညိုလေးစားခြင်းသည် လွန်မြတ်သောသီလနှင့် ပြည်စုံခြင်း ပြဿနာများကို ကျေနပ်နှစ်သက်အောင် ဖြည့်စွမ်းနိုင်ခြင်း မည်သည့်တရားကျင့်ပွားက မည်သည့်တရားထူးကို မျက်မှောက်ပြုရ၏ ဟု ဟောတိုင်းကျင့်ကြံသူတို့ ကိုယ်တွေ့ဖြစ်ခြင်း ဤငါးပါးသော အကြောင်းတို့ကြောင့် ငါဘုရားကို

ကြည်ညိုလေးစားခြင်း ဖြစ်၏” ဟု မဇ္ဈိမပဏ္ဏာသ မဟာသကု လုဒါယိသုတ်၌ မိန့်ကြားတော်မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် တုနှိုင်းမမှီကြီးမားသော တန်ခိုးတော်ရှိပါသော်လည်း ထိုတန်ခိုးတော်ဖြင့် သတ္တဝါ အပေါင်းကို ကယ်တင်ခြင်းငှါ မတတ်ကောင်းပါ၊ သို့သော်ဗုဒ္ဓ ညွှန်ပြသောလမ်းကို လျှောက်လှမ်းသော သူအားသာလျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်၏၊ ထို့ကြောင့် ပုဏ္ဏား တစ်ယောက်အား ဗုဒ္ဓမြတ်စွာဘုရားက–

အိုပုဏ္ဏား နိဗ္ဗာန်သည် စင်စစ်ကေန် ရှိပါပေ၏၊ နိဗ္ဗာန် ကို လမ်းပြပေးသူ ငါဘုရားသည်လည်း စင်စစ်ကေန် ရပ်တည် လျှက်ရှိပါ၏၊ သို့ပါလျှက် အချို့သောသူသည် နိဗ္ဗာန်ကို ရယူ၍ အချို့သော သူသည် မရယူကြ နိဗ္ဗာန်ကိုမရယူသော သူတို့အဖို့ ငါဘုရားမည်သို့မျှ မတတ်နိုင်၊ ငါဘုရားသည် နိဗ္ဗာန်ကို ကိုယ်ထိလက်ရောက် တန်ခိုးတော်ဖြင့် ပေးစွမ်းနိုင်သူမဟုတ် လမ်းစဉ်ကိုသာ ညွှန်ပြပေးသူဖြစ်ပါပေ၏၊ ဟူ၍ မဟာနိဒ္ဒေသ ဂူဟဋ္ဌသုတ်တော်၌ မိန့်တော်မူခဲ့လေသည်။

ကြည်ညိုဖွယ်ကောင်းတဲ့ မြတ်ဗုဒ္ဓရဲ့ တစ်နေ့တာလုပ်

ငန်းဟာ ရင့်ကျက်တဲ့ပရဟိတနဲ့ အများရဲ့အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူတယ်၊ ဒါကြောင့်မို့ မြတ်ဗုဒ္ဓပွင့်ရခြင်းရဲ့ အကြောင်းရင်းဟာ **“အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ”** လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ရဲ့ အကျိုးအတွက် စီးပွားအတွက် ချမ်းသာခြင်းအ တွက် လောကမှာ ဘုရားပွင့်တော်မူခြင်းဖြစ်တယ်။

ဒီနေရာမှာ ကြည်ညိုစရာအတိဖြစ်တဲ့ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော် အစွမ်းသုံးပါးကို ဂုဏ်တော်ရည်မှန်း ကြည်ညိုနိုင်အောင် တောင်မြို့မဟာဂန္ဓာရုံဆရာတော် ရေးသား စီကုံးထားတဲ့ လင်္ကာလေးနဲ့ သဗ္ဗညုတဉာဏ်တော် အစွမ်းသုံး ပါးကို စာဖတ်သူတို့သိသာအောင် ဖော်ပြပါအံ့းမည်-

**သဗ္ဗညုတဉာဏ်တော် အစွမ်းသုံးပါး**

*၁။ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန် မြင် သဗ္ဗညုတဉာဏ်တော်အစွမ်းတည်း။*

*၂။ သိသိတရားများအပြား၌ ဟောထားစဖွယ် နည်း သွယ်သွယ်ကို ခြယ်လှယ်စုံလင် အကုန်မြင် သဗ္ဗညုတဉာဏ် တော် အစွမ်းတည်း။*

**ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)**

*၃။ ကျွတ်ထိုက်ကြွပေ များဝေနေ၏ ဣန္ဒြေစရိုက် သူ့အကြိုက်ကို နိုက်ချွတ်စုံလင် အကုန်မြင် သဗ္ဗညုတဉာဏ် တော် အစွမ်းတည်း။*

*ဉာဏ်တော်စွမ်းပကား ဤသုံးပါးကြောင့် အများဝေ နေ ကျွတ်လွတ်စေဖို့ မနေမနား သက်တော်အားဖြင့် ကြီးမား လောဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန်စံသည့်တိုင်အောင် သယ်ယူ ဆောင် ဘုန်းခေါင် ငါတို့ဘုရားတည်း။ ။*

ဗုဒ္ဓမြတ်စွာဘုရားက သံသရာရေအလျဉ်မှာ မျှောပါ လာတဲ့ သတ္တဝါအပေါင်းကို သနားကြင်နာတဲ့ မဟာကရုဏာ တော်ကြီးနဲ့ သတ္တဝါတွေ ချမ်းသာပါစေဆိုပြီး လေးအသင်္ချေ နဲ့ ကမ္ဘာတစ်သိန်းတိုင်အောင် ကြိုးစားပြီးပါရမီဖြည့်တော်မူ တယ်၊ တွေးကြည့်ဘယ်လောက် ကြည်ညိုဖို့ကောင်းလဲ ဆိုတာ–

မြတ်ဗုဒ္ဓက လောကသုံးပါးအားထားရာ လောကသုံး ပါးရဲ့မှီခိုရာ လောကသုံးပါးရဲ့ မီးအိမ်ရှင်အဖြစ် လမ်းပြ ပေးပါလျှက်မသွားဘဲ ရပ်နေသူတစ်ယောက်အတွက် လွတ် မြောက်ခြင်းကို သူဘယ်တော့မှ ရှာတွေ့နိုင်မည်မဟုတ်ပေ။

ဒုက္ခရောက်မှ ကယ်ပါ,ယူပါ တစာစာနဲ့ အော်ဟစ် တောင်းပန်းနေလည်း နောက်ကျခြင်းက နောက်ကျသွားပြီးလေ၊ ဗုဒ္ဓကို ဆန့်ကျင်ဘက်လုပ်တဲ့ အရှင်ဒေဝဒတ်လိုအဖြစ်မျိုး သေခါနီးမှ နောင်တရတော့ အချိန်က သူ့အတွက် နောက်ကျခဲ့လေပြီးမဟုတ်လော။ ဒါကြောင့် အသိနောက် ကျတဲ့ သူမဖြစ်အောင် အမှန်တရားကို ရှာဖွေပြီး စစ်မှန်တဲ့ ယုံကြည်မှုနဲ့ ပွဲကိုင်ကြနိုင်အောင် ကြိုးစားနိုင်ပါစေ။ ။

## ပါဏ ဟူသည်

အရှင်ဘုရားတို့ ပေါက်တူး, ဓားယူပြီး ကားပေါ်တတ် (၁၄)ရက်နေ့ရောက်ရင် သံဃာဂုဏ်ပြုပွဲရောက်ပြီ သံဃာဂုဏ်ပြုတဲ့ကားများ လွတ်လွတ်ကျွတ်ကျွတ် သွားနိုင်အောင် လမ်းရှင်းပြီး ဝေယျာဝစ္စကုသိုလ်ပြုကြရအောင်။

“မှန်ပါအရှင်ဘုရား”

ရွာလမ်းထိပ်ရောက်တော့ ဆရာတော်က သံဃာဂုဏ်ပြုပွဲ ဖြစ်မြောက်ရေး အလုပ်ကိစ္စရှိသေး တာကြောင့် လှိုင်းဘွဲ့သို့ ခရီးဆက်လေသည်၊ ဆရာသမားကို ချစ်ကြောက်ရိုသေတာ

ကြောင့် ပေးထားသည့် ကုသိုလ်ဝေယျာဝစ္စကို လုပ်ရင်းရွာ၏ အလယ်သို့ ရောက်လာသည်၊ ထိုရွာလယ်၌ ပင်လမ်းဘေး အိမ်က ဒကာမကြီးတစ်ယောက်က လက်ဖက်ရည်လှူတော့ လက်ဘက်ရည်သောက်ရင်း စကားပြောကာ နားကြလေ၏။ ထိုခဏအတွင်းမှာပင် စာရေးသူတို့အနီးဘေးမှာရှိတဲ့ အပေါက်ဝက ကင်းမြီးကောက်များ ဆယ်ကောင်နီးပါး ထွက်လာသည်၊ထိုကင်းမြီးကောက်များကို သာမဏေတစ်ပါးက သတ်မယ်လုပ်နေတုန်းမှာဘေးကဒကာကြီးတစ်ယောက်က ဝင်တားလေသည်၊ "အရှင်ဘုရားသတ္တဝါတွေကိုမသတ်ပါနဲ့ သူတို့လမ်း သူတို့ သွားပါစေ သူများကကိုယ့်ကို သတ်ဖြတ် ညှင်းဆဲတာ မလိုလားနိုင်သလို သူတို့ကိုသတ်ဖြတ် ညှင်းဆဲ တာလည်း လိုလားမှာမဟုတ်ပါဘူး"ဆိုပြီး ဘေးနားရှိ သစ် ကိုင်းငယ်ကောက်ကာ ကင်းမြီးကောက်ကောင်များကို လမ်း ဘေးသို့ဖယ်လိုက်၏။

ထိုဒကာကြီး၏ စကားနှင့်အလုပ်သည် အားကျစရာ ကောင်း၏၊ သို့သော်အချို့အချို့သော လူပုဂ္ဂိုလ်ဒကာဒကာမ တို့သည် သားကြီးငါးကြီးကိုသတ်မှ ပါဏာတိပါတကံထိုက်၏

ဟု ဆိုကြလေ၏၊ ဒီလိုသာဆိုရင် ထိုစကားဟုတ်မဟုတ် အဘိဓမ္မာပိဋကတ် အဋ္ဌသာလိနီ၌ အကုသလကမ္မပထ ကထာမှာ ပြထားတဲ့ပါဏာတိပါတအဖွင့်နှင့် သုံးသပ်ကြည့် ရမယ်ဆိုရင်–

တတ္ထ ပါဏဿ အတိပါတော ပါဏာတိပါတော နာမ၊ ပါဏဝဓော ပါဏဃာတောတိ ဝုတ္တံ ဟောတိ။ ပါဏောတိ စေတ္ထ ဝေါဟာရတော သတ္တော၊ ပရမတ္ထတော ဇီဝိတိန္ဒြိယံ၊ တသ္မိံ ပန ပါဏေ ပါဏသညိနော ဇီဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ ကာယဝစီဒွါရာနံ အညတရဒွါရပ္ပဝတ္တာ ဝဓကစေတနာ ပါဏာတိပါတော။ သော ဂုဏဝိရဟိတေသု တိရစ္ဆာနဂတာဒီသု ပါဏေသု ခုဒ္ဒကေ ပါဏေ အပ္ပသာဝဇ္ဇော၊ မဟာသရီရေ မဟာ သာဝဇ္ဇော။ ကသ္မာ ပယောဂမဟန္တတာယ။ ပယောဂသမတ္တေပိ ဝတ္ထု မဟန္တတာယ။ ဂုဏဝန္တေသု မနုဿာ ဒီသု အပ္ပဂုဏေ အပ္ပသာဝဇ္ဇော၊ မဟာဂုဏေ မဟာ သာဝဇ္ဇော။ သရီရ ဂုဏာနံ ပန သမဘာဝေ သတိ ကိလေသာနံ, ဥပက္ကမာ နဉ္စ မုဒုတာယ အပ္ပသာဝဇ္ဇော၊ တိဗ္ဗတာယ မဟာသာ

**ဝဋ္ဋောတိ ဝေတိဝွော။ (ဏီ-၄ -၁၄ဝ- ပိဋ္ဌေ။)**

အနက်ကား။ ။ တတ္ထ - ထိုဆယ်ပါးသော အကု သလကမ္မပထတရားတို့၌၊ ပါဏဿ -သတ္တဝါကို၊ ဝါ-သူ့အ သက်ကို၊ အတိပါတော- လျင်စွာချခြင်းသည်၊ ဝါ-သတ်ခြင်း သည်၊ ပါဏာတိပါတောနာမ-ပါဏာတိပါတမည်၏၊ ပါဏဝဓော-သတ္တဝါကိုသတ်ခြင်းကို၊ ပါဏဃာတောတိ- သတ္တဝါကိုသတ်ခြင်းဟူ၍၊ ဝုတ္တံ (ဝုတ္တာ)- ဆိုအပ်သည်၊ ဟော တိ- ဖြစ်၏။တွေ- ဤပါဏာတိပါတ ဟူသောပုဒ်၌၊ ပါဏော တိ-ပါဏဟူသည်ကား၊ ဝေါဟာရတော-ဝေါဟာရအားဖြင့်၊ သတ္တော-သတ္တဝါတည်း၊ ပရမတ္ထတော-ပရမတ္ထအားဖြင့်၊ ဇီဝိ တိန္ဒြိယံ-ဇီဝိတိန္ဒြိတည်း။ ပန-ထိုမှတပါး၊ တသ္မိံ ပါဏေ-ထို သတ္တဝါ၌၊ ပါဏာသညိနော -သတ္တဝါဟု အမှတ်ရှိသောသူ၏၊ ဇီဝိတိန္ဒြိယုပစ္ဆေဒကဉပက္ကမသမုဋ္ဌာပိကာ -ဇီဝိတိန္ဒြေကိုဖြစ်စေ တတ် လုံ့လကိုဖြစ်စေတတ်သော၊ ကာယဝစီဒွါယာနံ -ကာယ ဝစီဒွါရတို့တွင်၊ အညတရဒွါရပ္ပဝတ္တာ -တစ်ပါးပါးသော ဒွါရ၌ဖြစ်သော၊ ဝဓကစေတနာ- သတ်လိုသောစေတနာသည်၊ ပါဏာတိပါတော -ပါဏာတိပါတမည်၏။

သော–ထိုပါဏာတိပါတသည်၊ ဂုဏဝိဟိတေသု–ဂုဏ်ကင်းကုန်သော၊ တိရစ္ဆာနနာဂတာဒီသု –တိရစ္ဆာန်အစရှိကုန်သော၊ ပါဏေသု –သတ္တဝါတို့တွင်၊ ခုဒ္ဒကေ –ငယ်ကုန် သော၊ ပါဏေ–သတ္တဝါ၌၊ အပ္ပသာဝဇ္ဇော –နည်းသောအပြစ် ရှိ၏၊ မဟာသရီရေ –ကြီးသောကိုယ်ရှိသော၊ ပါဏေ–သတ္တ ဝါ၌၊ မဟာသာဝဇ္ဇော –ကြီးသောအပြစ်ရှိ၏၊ ကသ္မာ–အဘယ်ကြောင့်နည်းဟူမည်ကား၊ ပယောဂမဟန္တတာယ– လုံ့လကြီးသည်၏အပြစ်ကြောင့်တည်း၊ ပယောဂသမတ္တေ–လုံ့လပယောဂတူမျှသည်၏အပြစ်သည်၊ သတိပိ–ရှိသော်လည်း ၊ ဝတ္ထုမဟန္တတာယ –သတ်အပ်သောဝတ္ထု၏ကြီးမားသည်၏အပြစ် ကြောင့်တည်း၊ ဂုဏဝန္တေသု –ဂုဏ်ရှိကုန်သော၊ မနုဿာဒီသု – လူအစရှိသည်တို့တွင်၊ အပ္ပဂုဏေ–နည်းသောဂုဏ်ရှိသော ၊ ပါဏေ–သတ္တဝါ၌၊ အပ္ပသာဝဇ္ဇော–နည်းသောအပြစ်ရှိ၏၊ မဟာဂုဏေ –ကြီးသောဂုဏ်ရှိသော၊ ပါဏေ –သတ္တဝါ၌ မဟာသာဝဇ္ဇော –ကြီးသောအပြစ်ရှိ၏၊ ပန –ထိုမှတစ်ပါး သမဘာဝေ –တူမျှသည်၊ သတိ–ရှိသော်၊ ကိလေသာနဉ္စ–ကိလေသာတို့၏ လည်းကောင်း၊ ဥပက္ကမာနဉ္စ–လုံ့လပယောဂတို့၏လည်း

ကောင်း၊ မုဒုတာယ –နုးညံ့သည်၏အဖြစ်ကြောင့် ၊ အပ္ပသာဝဇ္ဇော –နည်းသောအပြစ်ရှိ၏၊ (ကိလေသာနဉ္စ–ကိလေသာတို့၏လည်းကောင်း၊ ဥပက္ကမာနဉ္စ–လုံ့လပယောဂတို့၏လည်းကောင်း၊) တိဗ္ဗကာယ –ထက်သည်၏အဖြစ်ကြောင့် ၊ မဟာသာဝဇ္ဇေ –ကြီးသောအပြစ်ရှိ၏၊ ဣတိ –ဤသို့ ဝေဒိတဗ္ဗော –သိအပ်၏။ ။

လိုရင်းအဓိပ္ပါယ်ကို ပြောရရင် သက်ရှိသတ္တဝါမှန်သမျှကို သတ်သောသူသည် ပါဏာတိပါတကံ ထိုက်လျှင်သာတည်း၊ သို့သော် သေးငယ်သော သတ္တဝါနည်းသောဂုဏ်ရှိသောသတ္တဝါကို သတ်သောအားဖြင့် နည်းသောအပြစ်ရှိ၏၊ ကြီးသောသတ္တဝါ ကြီးသောဂုဏ်ရှိသော သတ္တဝါကို သတ်သောအားဖြင့် ကြီးသောအပြစ်ရှိ၏။

အကြောင်းကား ငယ်သောသတ္တဝါတို့၌ သတ်ခြင်းဖြင့် လုံ့လနည်းသည်၏အဖြစ် ခန္ဓာငယ်သည်၏အဖြစ်ကြောင့် လည်းကောင်း ကြီးသောသတ္တဝါတို့၌ လုံ့လများ သည်၏အဖြစ် ခန္ဓာကြီးသည်၏အဖြစ်ကြောင့်ဖြစ်၏။ ပါဏဆိုသည် ပညတ်အား ဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေမည်၏။ လူတိုင်း

လူတိုင်းဟာ မိမိရဲ့အသက်ကို ချစ်မြတ်နိုးကြတယ် သေခြင်း တရားကို လူတိုင်းလိုလို မရင်ဆိုင်ရဲကြပါဘူး အသက်ကို တန်ဖိုးထားကြတယ်။

ဒါကြောင့်မို့ မိမိကိုယ်တိုင်ပင် အသတ်မခံရဲသော အသက်ကို သတ်ခြင်းအားဖြင့်ရှောင် ကြဉ်ဖို့ ကောင်းတယ်၊ အောက်ထစ်ဆုံး ညှင်းဆဲခြင်းကိုသော်မှ မပြုလုပ်သင့်ပါ။

သူတစ်ပါးအသက်ကို သတ်ခြင်းအားဖြင့်–

၁။ ခြေ လက်အင်္ဂါ ချို့တဲ့ခြင်း၊

၂။ ရုပ်ဆိုး အကျဉ်းတန်နေရခြင်း၊

၃။ အားအင် ချွတ်ယွင်းခြင်း၊

၄။ လျင်မြန်မှု မရှိခြင်း၊

၅။ အသတ်ခံရခြင်း၊

၆။ အနာများခြင်း၊

၇။ ခြွေရံပျက်ခြင်း၊

၈။ အသက်တိုခြင်း ဆိုတဲ့ အပြစ်ဒဏ်ခံရပေမည်။

သူတစ်ပါးအသက်ကို သနားကြင်နာ၍ သတ်ဖြတ်ခြင်း ကို ရှောင်ကြဉ်သောအားဖြင့်–

**ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)**

၁။ ခြေလက်အင်္ဂါ ပြည့်စုံခြင်း၊

၂။ ဖြောင့်မတ်သော ရုပ်ရှိခြင်း၊

၃။ အားကြီးခြင်း၊

၄။ လျင်မြန်ဖျတ်လတ်ခြင်း၊

၅။ ဘေးကို မကြောက်တတ်ခြင်း၊

၆။ အသတ်မခံရခြင်း၊၇။ အနာကင်းခြင်း၊

၈။ ခြွေရံများခြင်း၊

၉။ အသက်ရှည်ခြင်းဆိုတဲ့ အကျိုးကျေးဇူးကို ခံစားရသည်။

**(လင်္ကာ)** *ပါဏာတိပါတ် သူ့သက်သတ်က ချို့တတ်အင်္ဂါ မွဲပြာရုပ်သွင် အားအင်ချွတ်ယွင်း လျင်ခြင်းလည်းဝေး ဘေးကိုကြောက်တတ် အသတ်ခံရာ အနာများလျှက် ခြွေရံပျက်၍ အသက်တိုလျှ ပြစ်များစွာသည် ရှောင်က အပြန်အကျိုးတည်း။ ။*

စစ်မှန်တဲ့ယုံကြည်ခြင်းရဲ့ ပဲ့ကိုင်ရအောင်

## ရဟန္တာဆိုတာ

မြင့်မြတ်သော အရိယာသာဝက ရဟန္တာအရှင်မြတ် မည်သည် ပုထုဇဉ်ကဲ့သို့ ကိလေသာထူပြော၍ မဖြစ်တော့ပါ၊ ရောင်ခြည်တော်ဟာလည်း ဗုဒ္ဓအရာသာဖြစ်တယ်။ ကောလ ဟာလစကားများနဲ့ ရဟန္တာအရှင်မြတ်တစ်ပါး ရောင်ခြည် တော်ပြတယ်ဆိုတာ မဖြစ်နိုင်ပါဘူးနော်၊ ဆင်းရဲတဲ့ ဝေသာလီ ပြည်ကြီးကို လက်ဝဲပေါ်တင်ပြီး ကျန်လက်ယာဘက်နဲ့ ကျွေး မွေးစောင့်ရှောက်နိုင် လောက်အောင် တန်ခိုးကြီးမားလှတဲ့ ဗုဒ္ဓရဲ့ဒုတိယ အဂ္ဂသာဝကကြီး အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်တောင် ရောင်ခြည်တော် တစ်သွယ်တောင် မလွှင့်နိုင်ပါဘူး။

ဂန္ဓာရီဝိဇ္ဇာ စိန္တာမဏိဝိဇ္ဇာလို့ ခေါ်တဲ့ လောကီပညာ ရပ်ကို တိတ်တိတ်လေးသင်ယူပြီးတော့ တန်ခိုးပြလိုက်ရင် ရဟန္တာလို့ အထင်မှားစရာပဲ ဒီပညာရပ်ကို ဂန္ဓာရတိုင်းက ရသေ့တို့စီမံထားတဲ့ လောကီပညာရပ်တွေဖြစ်တယ်၊ ဂန္ဓာ ရီဝိဇ္ဇာက ဣဒ္ဓိဝိဓအဘိဉာဉ်လို တန်ခိုးပြနိုင်စွမ်းရှိတယ်၊

## ၅င်ဟဒယဒီပ(လှိုင်းဘွဲ့)

စိတ္တာမဏိဝိဇ္ဇာက ပရစိတ္တဝိဇာနနလိုပဲ သူတစ်ပါးရဲ့ စိတ်ကို သိနိုင်စွမ်းရှိတယ်၊ ဒါပေမယ့် ရဟန္တာလို့မဆိုနိုင်ပါ။

မြန်မာဗုဒ္ဓဘာသာအများစုက တန်ခိုးရှိမှ မြေလျှိုမိုး ပြန်နိုင်မှ ရဟန္တာလို့ထင်တတ်ကြတယ်၊ မဟာဝဂ္ဂပါဠိတော် ခန္ဓကအဖွင့်မှာ ပုဏ္ဏားက မြတ်စွာဘုရားကို "ကိတ္တာဝတာ နုခေါ် ဘော ဂေါတမ ဗြာဟ္မဏော ဟောတိ၊ ကတမေစ ပန ဗြာဟ္မဏ ကရဏာ ဓမ္မာတိ"

အရှင်ဂေါတမ အဘယ်မျှသော အတိုင်းအရှည်ဖြင့် ဗြာဟ္မဏ(ရဟန္တာ)မည်ပါသလဲ၊ ဗြာဟ္မဏာ(ရဟန္တာ)ဖြစ်အောင် ပြုတတ်တဲ့တရားက အဘယ်ပါနည်းလို့ ပုဏ္ဏားက မြတ်စွာ ဘုရားကို မေးတော့-

**ယော ဗြာဟ္မဏော ဗာဟိတပါပဓမ္မော၊**
**နိဟုံဟုံကော နိက္ကသာဝေါ ယတတ္တော။**
**ဝေဒန္တဂူ ဝုသိတဗြဟ္မစရိယော၊**
**ဓမ္မေန သော ဗြဟ္မဝါဒံ ဝဒေယျ၊**
**ယဿုဿဒါ နတ္ထိ ကုဟိဉ္စိလောကေ။** (ဝိ-၃၊ ဝိဋ္ဌ-၃)

ဤဂါထာလေးနဲ့မြတ်စွာဘုရားက ဥဒါန်းကျူးရင့်

လိုက်တယ် လိုရင်းအဓိပ္ပါယ်ကတော့-

အကြင်ပုဂ္ဂိုလ်သည် ဟုံဟုံဟုပြုတတ်သော မာနကော စသည် အမျက်မရှိ ကိလေသာမှ ကင်းစင်ကုန်၏၊ ဘာဝနာကို အားထုတ်ကြောင်း ဝီရိယနှင့်ယှဉ်သော စိတ်ရှိ၏ တစ်စုံတစ်ခု သောအာရုံ၌ တပ်မက်ထောင်လွှားတတ်သော ရာဂစသော စိတ်တို့မရှိ ကင်းစင်ကုန်၏၊ လေးပါးသောမဂ်ဉာဏ်တို့၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်၏၊ ကျင့်သုံး အပ်ပြီးသော မဂ္ဂဗြဟ္မစရိယအကျင့် ရှိသည်ဖြစ်၍ ဖြစ်သော သူသည် ဗြဟ္မဏမည်၏၊ ဤသို့သောအားဖြင့် ရဟန္တာပုဂ္ဂိုလ် မြတ်၏ သဏ္ဍာန်၌ ချစ်ခြင်းမုန်းခြင်းမရှိ လောက, လာဘ, သက္ကာရ ကင်းကုန်၏၊ ရဟန္တာဟူသည် ကြွားဝါခြင်း လိမ်လှယ် ခြင်းမရှိ နိုင်ပါ။

ဈာန်မဂ်ဖိုလ်မရသေးဘဲ ရသယောင်ယောင် ထင်ရှား အောင် နေပြထိုင်ပြခြင်းသည် သာသနာလောက၌ ကြီးလေး သောအပြစ်ရှိသည်၊ မရတာအပထား ရဟန္တာပုဂ္ဂိုလ်အစစ် အမှန် တောင်မှ ကိုယ့်ကိုယ်ကို ထင်ရှားအောင် ပြောပြနေပြရင် ပါစိတ်အာပတ်ဆိုတဲ့ ဝိနည်းအပြစ်ရှိသေးတာပဲ၊ မရဘူးဆိုရင်

ဆိုဖွယ်ရာမရှိတော့၊ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်က ရဟန္တာဆိုတာ ထင်ရှားရှိခဲ့ကြသည်မှာ မှန်၏၊ ခုခေတ်မှာလည်း ရှိအုံးကြမှာပင် ထင်ရှားအောင်မနေကြလို့ မသိကြတာပါ၊ တစ်ချို့တစ်ချို့သော ဆရာတော်များ ပြန်လွန်တော်မူပြီး၍ ဓာတ်တော်ကြွင်းမှ ရဟန္တာမှန်း သိကြရတယ်။

မြန်မာနိုင်ငံ၌ ရဟန္တာပြဿနာအချို့ရှိခဲ့တယ်၊ အဲ့ဒါတွေက လောဘ, သက္ကာရရှိကြတဲ့ ပုဂ္ဂိုလ်တွေ သာသနာ မျက်နှာမထောက်ကြတဲ့ ပုဂ္ဂိုလ်တွေကြောင့် ဒီလိုဖြစ်ခဲ့ရတာ၊ အဲ့ဒီ အတွက်ကြောင့် **“ရဟန္တာစစ်တန်း”** ဆိုတဲ့ စာအုပ်လည်း ထွက်ရှိခဲ့ဖူးတယ်။ အဲ့ဒါကြောင့် ဗုဒ္ဓဘာသာဝင် အနေနဲ့ **“အသားထဲကလောက်ထွက်”** မဖြစ်ရအောင်သတိ ဆိုတဲ့ စိတ်တိုင်ကြီးနဲ့ တရားကိုမြဲစွာ လက်ကိုင်ပြုကာ **“ကုန်ရှုံးတစ်ခေါက် လင်ရှုံးတစ်သက်”** ဆရာမှား၍ တစ်သံသရာလုံး မရှုံးဆုံးရအောင် ဆင်ခြင်သုံးသပ်၍ အသိတရားလက်ကိုင်ထားခြင်းဖြင့် နေနိုင်ကြပါစေ။

စစ်မှန်တဲ့ယုံကြည်ခြင်းရဲ့ ပုံကိုင်ရအောင်

# ကံစေရာ

ရှေးလွန်ပြီးသောအခါ နေပြည်တော်ရှိ ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသွားသင်ကြတဲ့ သူငယ်ချင်းနှစ်ယောက် ရှိလေသည်၊ သူတို့နှစ်ယောက်က အလွန်ခင်မင်ကြသော်လည်း စရိုက်ချင်း မတူညီကြပေ၊ တစ်ယောက်က ကောင်းသောအရာ ကုသိုလ်ကောင်းမှု သုစရိုက်တရားနဲ့ မွေ့လျော်ပြီး တစ်ယောက် က မကောင်းသော အကုသိုလ်ဒုစရိုက်တရား၌သာ မွေ့လျော် ၏၊ နေထွက်နေဝင် တစ်ရက်ပြီးတစ်ရက် နှစ်လရက်ပေါင်းကြာ ၍ ပညာပြည့်စုံသောအခါ ဆရာကြီးထံ အခွင့်ယူကာ မိမိ၏ အရပ်ဒေသ ဇာတိရပ်ရွာသို့ ပြန်ကြလေသည် အပြန်လမ်း အကြား၌ သူငယ်ချင်းနှစ်ယောက် အမောဖြေရန် အလွန်အရိပ် ကောင်းသော သစ်ပင်ကြီးအောက်တွင် ခိုနားကြလေသည်။ အမောအပန်းကြီးသဖြင့် ခဏအကြာမှာ အိပ်ပျော်ကြလေ သည်၊ ထိုအခိုက် လေပြင်းနဲ့အတူ မထင်မှတ်တဲ့ မိုးကြိုးက သူတို့၏ အိပ်မောကြရာ သစ်ပင်ကြီးကို ပစ်ခတ်လိုက်လေ သည်၊ ဒုစရိုက်တရား၌ မွေ့လျော်သောသူက အလန့်တကြား

ထရင်းဖြင့် ချော်လဲကာ ရွှေအိုးကြီးနဲ့ တည့်တည့်တိုးတော့၏၊ သုစရိုက် တရား၌သာ မွေ့လျော်သောသူက သူ၏ဦးခေါင်းက သစ်ကိုင်းကြီးနှင့် ခိုက်မိသဖြင့် ခဏမျှ မေ့မျောသွားလေသည်၊ ခဏအကြာတွင် သတိပြန်ရလာသည်၊ ထိုအချိန် ဒုစရိုက်ဖြင့်သာ မွေ့လျော်တတ်သောသူက သူငယ်ချင်း ငါရွှေအိုးကြီး ရလာတယ် ဝမ်းသာအားရပြောတော့ သုစရိုက်ဖြင့်သာ မွေ့လျော်သောသူ မင်းဒီလောက်အကုသိုလ်လုပ်နေတာ ရွှေအိုးကြီးက ရလိုက်သေးတယ်၊ ငါကဖြင့် ကောင်းမှုပြု ပါလျက်နဲ့ ရွှေအိုးမရတဲ့အပြင် ဦးခေါင်းက ကွဲလိုက်သေးတယ် ကံတရားဆိုတာရော တကယ်ရှိပါလျက်လားလို့ ပြောတော့ကျန်တစ်ယောက်ကလည်း ထောက်ခံလိုက်တယ်၊ ဒီလိုနဲ့ ကံတရားဆိုတာ တကယ်ရှိ,မရှိဆိုတာ သံသယကင်းနိုင်ဖို့ အနီးနားမှာရှိတဲ့ ရသေ့ကြီးဆီ သွားပြီးမေးမြန်းကြလေသည်။

ရသေ့ကြီးဆီ ရောက်တော့ သူတို့ရဲ့သံသယဖြစ်စရာ အဖြစ်အပျက်ကို လျှောက်လေသည်၊ ထိုအခါ ရသေ့ကြီးက ဒကာတို့ ကံကိုအပြစ်မတင်ပါနဲ့ ကံအပေါ် အမြင်မလွဲပါနဲ့ တကယ်တော့ ဒကာကြီးတို့နှစ်ယောက်ဟာ အစမထင်တဲ့

သံသရာများစွာထဲက မမြင်နိုင်သော ဘဝတွေမှာ ပြုခဲ့ဖူးတဲ့ကံ တရားကြောင့် ဒီလိုဖြစ်ရခြင်း ဖြစ်တယ်၊ ရွှေအိုးရတဲ့ ဒကာ ကြီးက အမှန်ဆိုရင် တောင်လောက်ကြီးမားတဲ့ ရွှေအိုးကြီးရ ရမှာ ဒီဘဝရဲ့အကုသိုလ်ကံကြောင့် ရေအိုးတစ်အိုး စာလောက် နဲ့ပဲ ကျေနပ်ရတယ်၊ ကျန်တဲ့ဒကာကြီးက အရင်ဘဝက အကု သိုလ်ကြီးမားနေတာကြောင့်မို့ အမှန်ဆိုရင် သေလို့ငရဲ ရောက် တာကြာရောပေါ့၊ ဒါပေမယ့် ဒီဘဝရဲ့ကုသိုလ်ကံ အစွမ်းကြောင့် မသေဘဲ အသက်ရှင်ခွင့်ရတယ်လို့မိန့်ကြားလိုက်တော့ သူငယ် ချင်းနှစ်ယောက် သံသယများကို ဖြေဖြောက်ပြီး အသက်ထက် ဆုံး ကောင်းမှုပြုကာ စုတေတော့ နတ်ပြည်ရောက်ရလေ သည်။

လူတိုင်းလူတိုင်းပဲ ကံစေရာကို ငြင်းဆန်လို့မရနိုင်ပါ၊ ကောင်းတာလုပ်ပါလျှက် ကောင်းကျိုးမခံစားတာ အတိတ်က အကုသိုလ်ကံတရားကြောင့် မကောင်းသဖြင့်ခံရတယ်၊ မ ကောင်းတာလုပ်ပါလျှက် မကောင်းမခံစားရတာ အတိတ်က ကုသိုလ်ကံတရားကြောင့် ကောင်းမွန်သဖြင့် ခံစားရတယ်၊ ဒါပေမယ့် ကောင်းတာလုပ်ရင် ကောင်းကျိုးသာခံစားရမှာ

မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရမှာပဲ၊ အကြောင်းတရားတွေကြောင့် အကျိုးတရား ဖြစ်လာတယ်။

ကံတရားဟာ မိမိရဲ့ကိုယ်ပိုင်ဥစ္စာဖြစ်တယ် မိမိပြုတဲ့ကံ မိမိသာခံစာရမှာပင် သူများကို ပေးလို့မရသလို သူများဆီက တောင်းယူလို့မရတဲ့အရာဟာ ကံတရားသာ ဖြစ်တယ်၊ ဒါကြောင့်မြတ်စွာဘုရားက–

**ကမ္မဿကော.မှိ ကမ္မဒါယဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ကမ္မဿ ဒါယဒေါ ဘဝိဿာမိတိ။**

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်သည် ကံပေးအပ်သော အမွေကိုခံယူရမည် ကံဟူသော အကြောင်းရှိသည် ကံဟူသော ဆွေမျိုးရှိသည် ကံဟူသောလဲလျှောင်းရာရှိသည် ကောင်းသည့်ကံဖြစ်စေ မကောင်းသည့်ကံဖြစ်စေ တစ်ခုခုသောကံကို ပြုလိုက်အံ့၊ ထိုကံကောင်းကံဆိုး အမျိုးမျိုး၏ အမွေခံသည် ဖြစ်ရမည်သာတည်း။ ကံတရားဆိုတာ ကိုယ်ကိုတိုင်ကပဲ ဖန်တီးထားတာ ဘယ်သူကမှ ဖန်တီးပေးလို့ မရနိုင်

ပါ။ ကိုယ်ဖန်တီးတဲ့ ကံတရားကောင်းရင် ကောင်းသလို အကျိုးပေးတယ်၊ မကောင်းရင်လည်း မကောင်းသလို အကျိုးပေးတယ်၊ ဘယ်အချိန် ဘယ်အခါ အကျိုးပေးမလဲ ကိုယ်ပြုတဲ့ကံ အကျိုးပေးဖို့ ဘယ်နေရာရောက်ပြီးလဲ ဆိုတာတော့ ဘယ်သူမှ မသိနိုင်ပါဘူး၊ ဥပမာအားဖြင့် သရက်ပင်တစ်ပင်သည် ကေန်သီးမည် ဒါပေမယ့် အဲ့ဒီသီးမဲ့ သရက်သီးက ဘယ်နေရာမှာရှိလဲ လက်ရှိအပင်မှာလား ဒါမှမဟုတ် အရွက်မှာလား အပွင့်မှာလားဆိုတာ မမြင်နိုင်သလိုပါပဲ။

ကံတရားဟာလည်းပဲ ဘယ်နေရာရှိလို့ ဘယ်အချိန် အကျိုးပေးမလဲဆိုတာ မသိနိုင်ပါ၊ ကိုယ်ပြုတဲ့ကံတော့ ပြန်ခံစားရမည်သာဖြစ်၏။

မိမိက ကောင်းတဲ့ကုသိုလ်ကောင်းမှုပြုပါလျှက်နဲ့ အဘယ်ကြောင့် ကောင်းစွာသဖြင့် မခံစားသနည်း ကံတရားသည်ပင် မရှိ၍လော သံသယများဖြင့် မတွေးတောစေချင်ပါ၊ မိမိရဲ့မကုန်သေးသောအကုသိုလ်ကံ တရားတွေကြောင့် မကောင်းသဖြင့်ခံရအုံးမည်၊ မိမိပြုတဲ့ ကောင်းမှုကံတရားများလည်း အချိန်တန်ရင်ဖြင့် အကျိုးခံစားရအုံးမည်ဆိုတဲ့

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ)

အတွေးနဲ့ ကောင်းသောအမှု၌ ထက်သန်သော ဝီရိယ နှလုံးသား အသိဉာဏ်ဖြင့် သံသရာခရီးကို လျှောက်လှမ်းရမည်သာဖြစ်၏၊ ဆုတောင်းနေရုံမျှဖြင့် ပြည့်စုံနေမယ်ဆိုရင် ဒုက္ခဆိုတာကို ဝယ်ယူလို့တောင် ရမှာမဟုတ်ဘူး။

လူတစ်ယောက်သည် စာရေးချင်တယ်၊ ဒီတော့သူဟာ ဗယောင်းတိုင်ထွန်းပြီး စာရွက်တစ်ရွက်ယူလိုက်တယ်၊ အဲဒီနောက် မှင်အိုးထဲမှာ မှင်တံလေးကို ယူပြီးစာရေလိုက်တယ်၊ အဲဒီလို စာရေးပြီးတဲ့နောက်မှာ မှင်အိုးမှင်တံသိမ်းပြီး မီးမှုတ်ကာအိပ်လိုက်တယ်၊ ဒီတော့ စိတ်ခန္ဓာနဲ့တူတဲ့ မှင်အိုးမှင်တံတွေကိုသိမ်းလိုက်ပြီး စေတနာနဲ့တူတဲ့ မီးကိုလည်း ငြိမ်းလိုက်ပြီး၊ နောက်ဆုံး ကာယကံမှုနဲ့တူတဲ့ လက်ကလည်း မရေးတော့ဘူး၊ ဒါပေမယ့် အကျိုးတရားနဲ့တူတဲ့ စာသားတွေကတော့ စာရွက်ထဲမှာပင် ရှိနေလျှက်ပါပဲ၊ အဲဒီစာသားတွေဟာ နှစ်ပေါင်းများစွာ တည်ရှိနေမှာပေါ့ ထပ်တူကံရဲ့အကျိုး တရားဟာလည်း မိမိစုတေတေပြီးသော်လည်း တစ်ဖန်ပြန်ရလာမယ့် ဘဝသစ်မှာ အကျိုးပေးမြဲအုံးမည်သာဖြစ်၏။

ဗုဒ္ဓမြတ်စွာဘုရားသည်ပင် ဗုဒ္ဓအဖြစ်ရောက်ရှိရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာရှည်စွာပါရမီဖြည့် ပြီးမှသာ ဗုဒ္ဓအဖြစ်ကိုရရှိတော်မူသည်၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခြင်းသည် အကြောင်းဖြစ်၍ ဗုဒ္ဓဖြစ်တော်မူခြင်းသည် အကျိုးတရားဖြစ်၏၊ အကြောင်း ကြောင်းကြောင့် အကျိုးတရားဖြစ်ထွန်းပေါ်ပေါက် လာခြင်းသည် ဓမ္မတာပင်ဖြစ်၏၊ အကြောင်းအကျိုးမဲ့၍ မရှိနိုင်ချေ။ ပြုလုပ်ဆဲအချိန်တွင် စေတနာလို့ခေါ်ပြီး စေတနာ ချုပ်,ပျောက်ပြီးနောက် အကျိုးပေးမယ့် သတ္တိအနေနဲ့ ကျန်ရစ် သောစွမ်းအားကို ကံလို့ခေါ်တယ်၊ ဒါကြောင့်မို့ စေတနာ ကောင်းလျှင် ကံကောင်းပြီး စေတနာညံ့လျှင် ကံညံ့လေသည်။

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

## ဒုဿီလကိုလှူရာ၌ အကျိုးရှိမရှိ

"အရှင်ဘုရားတပည့်တော် မရှင်းတာတွေရှိလို့ တစ်ခု လောက်မေးလို့ ရမလားဘုရား"

"မေးပါဒကာမကြီး တတ်နိုင်သလောက်ဖြေပေး ပါမယ်၊ ဖြေနိုင်စွမ်းမရှိရင်တော့ ဖြေနိုင်တဲ့ ဦးဇင်း တစ်ပါးပါးကို ညွှန်ပြပေးပါ့မယ်"

"အရှင်ဘုရား တပည့်တော်ကြားဖူးသည်မှာ သီလမရှိ တဲ့ရှင်ရဟန်းကို လှူရင်အကျိုးမရှိဘူးလို့ ကြားဖူးတယ်၊ နောက် တစ်ခုက ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် လှူရင်အကျိုးရှိတယ်လို့လည်း ကြားဖူးတယ်၊ ဘယ်တစ်ခုက မှန်ပါသလဲ အရှင်ဘုရား"

ဒကာမကြီး သီလမရှိတဲ့သူကို ဒုဿီလလို့ခေါ်တယ်၊ အဲဒီလို ဒုဿီလကို လှူတာနဲ့ပတ်သက်ပြီး ထီးချိုင်းမြို့ တည်တော ဆရာတော်ရဲ့ ယနေ့ဗုဒ္ဓဝါဒ ဆိုင်ရာပြဿနာ အမေးအဖြေ စာအုပ်ထဲမှာ ဖတ်ဖူးတယ်၊ မေးတဲ့သူကတော့ ဦးဓမ္မကိတ္တိ ဖြစ်ပြီး ဖြေဆိုတာက တည်တောဆရာတော် ဖြစ်တယ်၊ အမေးပုစ္ဆာက အလဇ္ဇီဒုဿီလကို လှူရာ၌ အကျိုးရှိနိုင် မရှိနိုင်ဆိုတဲ့ အမေးပုစ္ဆာလေးပါ။

ဆရာတော်ဖြေဆိုထားတာက လျှူသူရဲ့စိတ်အပေါ်မှာမူတည် တယ်တဲ့၊ လှူတဲ့သူက ဘယ်လိုစိတ်နဲ့လှူသလဲ၊ ဒုသီလအမှု ကို ချီးမြောက်ပြီး လှူတာလား ဒါမှမဟုတ် ကောင်းကွက်ကို ကြည့်ပြီးလှူတာလား ဒါမှလည်းမဟုတ် သန့်ရှင်းတဲ့ စေတနာ နဲ့လှူတာလားဆိုတာ အရင်ဆုံး စိစစ်ရ မယ်တဲ့၊ မကောင်းမှု လုပ်သူကို မကောင်းမှု ပိုလုပ်နိုင်အောင် အားပေချီးမြောက်တဲ့ သဘောနဲ့လှူရင် အဆိပ်ပင်ရေလောင်း သလိုပဲ အဲဒီစိတ်မျိုးနဲ့ လှူရင် အကျိုးမရဘူး အပြစ်ဖြစ်တယ်၊

အလှူရှင်က စေတနာ သန့်သန့်နဲ့လှူမယ်၊ ကောင်းကွက် ကြည့်ပြီး ကိုးကွယ်စိတ်နဲ့ လှူမယ်ဆိုရင် အကျိုးမပေးတာ မရှိပါဘူး၊ နောက်ပြီး ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ် ထဲမှာ–

**ဘဝိဿန္တိခေါ် ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘု နော ကာသာဝကဏ္ဍာ ဒုဿီလပါပဓမ္မာ၊ တေသု ဒုဿီ လေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ ဝဒါမိ၊ နတွေဝတံ အာနန္ဒ ကေနစိ ပရိယာယေန သံဃာဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။**

## ၅၄င်ဟာဒယဒီပ(လှိုင်းဘွဲ့)

နောင်အခါသက်နိုးကို လည်ပင်းမှာပတ်ပြီး သီလမရှိတဲ့ ရဟန်းယုတ် ရဟန်းတုဖြစ်ပေါ်လာလိမ့်မယ်၊ အဲ့ဒီသံဃာ တော်များကို သံဃာလို့အမှတ်ထားပြီး လှူဒါန်းပူဇော်ရင် များစွာအကျိုးရှိတယ်လို့ ဗုဒ္ဓမြတ်စွာဘုရားဟောထားတယ်။နောက်ပြီး ပဏ္ဍာရင်ဝတ္ထုနဲ့ မှတ်သားဖွယ်ဖြစ်အောင် ပြေတော်မူထားတယ်။

သီဟိုဠ်ကျွန်းမှာ တိဿအမည်ရှိတဲ့ ရှာစားကြီးတစ်ယောက် ရှိတယ်၊ အဲဒီရှာစားကြီးဟာ ဆွမ်းဦးမလှူဘဲ ထမင်းတစ်ခါမျှ မစားဘူးတဲ့ တစ်နေ့တော့ အလုပ်ကိစ္စများနေတာကြောင့်မို့ နေ့လွဲချိန်မှ ထမင်းစားခွင့်ရတယ်၊ မွန်လွဲချိန်ဆိုတော့ ဆွမ်းဦးလှူဖို့လည်း သံဃာတော် ဆွမ်းစားချိန်မှ မဟုတ်တော့တာ ဒါနဲ့ဆွမ်းဦးကို ဘယ်သူကိုများလှူရင်ကောင်းမလဲလို့ အကြံဖြစ်တယ်၊ အဲဒီအချိန်မှာပဲ သချိုင်းမှာနေတဲ့ ပဏ္ဍာရင်ပရိုဗိုဇ်ကို သွားသတိရလိုက်တယ်၊ ပဏ္ဍာရင်ပရိုဗိုဇ်ဟာ အကျင့်မကောင်းပေမယ့် ရဟန်းတော်များနဲ့ အသွင်တူတယ်၊ ဒါကြောင့် ပဏ္ဍာရင်ပရိုဗိုဇ်ထံ ဆွမ်းဦးလှူဖို့ မင်းချင်းတစ်ယောက်ကို စေလွှတ်လိုက်တယ်၊ မင်းချင်းလည်း ဆွမ်းဦးကို ယူဆောင်နေချိန်မှာပဲ ပဏ္ဍာရင်ပရိုဗိုဇ်ဟာ အရက်မူး

မှုးနဲ့ ကန်ဘောင်မှာ ငါးများနေတယ်၊ ငါးများနေရင်း လူရိပ်ကိုမြင်တော့ ငါးများတံကို ရေထဲနစ်ပြီး ခြေဖြင့်နင်းကာ ယောင်ချာချာနဲ့ သူမဟုတ်သလိုလုပ်နေတယ်၊ ပဏ္ဍာရက်ပရိဗိုဇ်ရဲ့ အခြင်းအရာကို မင်းချင်းက မြင်တော့ ဒီလောက်ယုတ်မာနေတဲ့လူက ဆွမ်းဦးနဲ့ မထိုက်တန်ဘူးဆိုပြီး ဆွမ်းဦးကို တိဿအမတ်ကြီးထံ ပြန်ယူသွားတယ်၊ တိဿအမတ်က ဘာ့ကြောင့် ဆွမ်းဦးကို ပြန်ယူခဲ့တာလဲလို့ မေးတော့ မင်းချင်းက အကြောင်းစုံပြန်ပြောပြတယ်။

အဲဒီအခါ တိဿအမတ်က အချင်းယောကျ်ား ပဏ္ဍာရက်ဟာ ဘယ်လောက်ပဲယုတ်မာနေနေ မင်းကိုမြင်တော့ မကောင်းမှုကို ရှက်သောအားဖြင့် ငါးများတံကိုနစ်ပြီး ဖုက်ထားရှာတယ်၊ အဲဒီမကောင်းမှုကို ရှက်ခြင်းဆိုတဲ့ ဟိရိတရားတစ်ခုပင်လျှင် ပဏ္ဍာရက်အဖို့ အလှူခံထိုက်သောအကြောင်းဖြစ်တယ်၊ ထိုအကြောင်းကို ရည်ရွယ်ပြီး ငါ၏ စားဦးခဲဖွယ်ဘောဇဉ်ကို ပဏ္ဍာရက်အားပေးလှူပါလို့ဆိုပြီး ထပ်မံဆွမ်းဦးကို အလှူခိုင်းလိုက်တယ်။ တိဿအမတ်ကြီးဟာ ကြီးကျယ်ခမ်းနားတဲ့ အလှူများစွာကို လှူခဲ့ပူးပေမယ့်

သေခါနီးတော့ အခြားအလှူကို မအောက်မေ့မိဘဲ ပဏ္ဍာရက် ပရဗိုဇ်ကို လှူရတဲ့ဆွမ်းဦးကို အောက်မေ့မိတယ်၊ အဲဒီအကျိုး ကြောင့်နဲ့ပဲ စုတေတဲ့အခါ တည်ပင်နတ်ကြီးရှိရာ မဟာဝိဟာ ရကျောင်းအနီး ခရေပင်ကြီးမှာပဲ ဘောဇဉ်အပြည့်နဲ့ ချမ်းချမ်း သာသာနေရတဲ့ ဘုမ္မစိုးနတ် ကြီးဖြစ်လာတယ်။တကယ်တော့ လှူတယ်ဆိုတာ အလှူခံပုဂ္ဂိုလ်ထက် အလှူပေးတဲ့သူက ပိုအရေးကြီးတယ်နော်၊ အလှူခံပုဂ္ဂိုလ်က ဘယ်လောက်ပဲ မြင့်မြတ်နေပါစေ အလှူပေးသူက သဒ္ဓါတ ရားမပါပဲ နာမည်ရရုံ သက်သက် ထင်ပေါ်ကျော်ကြားချင် ရုံသက်သက်ပဲဆိုရင် အကျိုးမများနိုင်ဘူး၊ မိမိရဲ့စေတနာက အဓိကကျပါတယ်။

အလှူပေးတဲ့နေရာမှာလည်း စင်ကြယ်ခြင်းအားဖြင့် သုံးပါးရှိတယ်၊

၁။ အလှူခံပုဂ္ဂိုလ်ရဲ့ သီလသမာဓိကြောင့် စင်ကြယ်သွားတဲ့အလှူ

၂။ အလှူပေးသူရဲ့ သီလသမာဓိ စေတနာ သဒ္ဓါတရားကြောင့် စင်ကြယ်သွားတဲ့အလှူ

၃။ အလှူခံပုဂ္ဂိုလ်ရဲ့သီလသမာဓိကြောင့်

လည်းကောင်း အလှူပေးသူရဲ့သီလသမာဓိစေတနာသဒ္ဓါ တရားကြောင့်လည်းကောင်းစင်ကြယ်သွားတဲ့အလှူဆိုတဲ့ စင်ကြယ်ခြင်းသုံးမျိုးရှိတယ်၊ ဒီစင်ကြယ်ခြင်း သုံးမျိုးထဲမှာ တတိယမြောက်စင်ကြယ်ခြင်းက အမွန်မြတ်ဆုံးဖြစ်သလို အကျိုးပေးတဲ့နေရာမှာလည်း အထက်မျက်ဆုံးဖြစ်တယ်၊ ဒါကြောင့်မို့ အလှူပေးတဲ့ ပုဂ္ဂိုလ်ကလည်း လှူရုံမျှနဲ့ မရောင့်ရဲဘဲ သီလလည်းစင်ကြယ်စေခြင်း အလှူခံပုဂ္ဂိုလ်ကလည်း သီလ သမာဓိစင်ကြယ်စေခြင်းဟာ အမြတ်တကာအမြတ်ဆုံးမှာ အမြတ်ဆုံးအလှူ လို့ဆိုလည်း မမှားပါဘူးနော်၊ သို့သော်လည်း အနည်းငယ်မျှသော ကုသိုလ်ကောင်းမှုဟာလည်း အထင်တော့ မသေးထိုက်ပါ။

**ဝေံ နာတိမဟန္တံ၊ ပုညံ အာယတနေကာ၊ မဟာဝိ ပါကံ ဟောတိတိ ကတ္တဗ္ဗံ ဝိဘာဝိနာ။** ဆိုတဲ့ ဂါထာအတိုင်း မိမိရဲ့ကုသိုလ် ကောင်းမှုဟာ အနည်းငယ်ဖြစ်သော်လည်း အနည်းငယ်မျှသော ကုသိုလ်လေးနဲ့ကြီးမား တဲ့သဒ္ဓါတရား စင်ကြယ်တဲ့သီလနဲ့ အလှူပေးလို့ အလှူခံပုဂ္ဂိုလ်ကလည်း သီလသမာဓိတွေနဲ့ ပြည့်စုံနေရင် ညောင်စေ့လောက်လှူ

ပေမယ့် ညှောင်ပင်ကြီးလောက် အကျိုးကြီးမားတယ်တဲ့။

“ဒီလောက်ဆိုဒကာမကြီးသဘော ပေါက်လောက်ပါပြီးနော်”

“မှန်ပါဘုရား”။

## နောက်ဆုံးမှာကြား ဗုဒ္ဓစကား

လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီပြည့်ရုံမျှမကဘဲ ဗုဒ္ဓဖြစ်သည့်တိုင်အောင် ကျွတ်ထိုက်သော သတ္တဝါအပေါင်းကို ချွတ်တော်မူပြီး၍ ပရိနိဗ္ဗာန်မစံမီညဉ့်၌ သုဘဒ္ဒပရိဗ္ဗိုဇ်သည် “ငါ့မှာရှေ့ဟောင်းနှောင်းအဖြစ်ကို ပြောဆိုလေ့ရှိသော သက်ကြီးဝါကြီးဆရာကြီးထံမှ ကြားဖူးသောစကားရှိ၏၊ ထိုစကားက လောက၌ အရဟံသမ္မာသမ္ဗုဒ္ဓဂုဏ်နှင့် ပြည့်စုံသော ဘုရားရှင်မည်သည် တစ်ခါတစ်ရံမှ ပွင့်လာတတ်၏ ဟူသော စကားဖြစ်၏၊ ထိုဂုဏ်နှင့်ပြည့်စုံသော ရဟန်းဂေါတမ

သည် ယနေ့ညဥ့်၏ နောက်ဆုံညဥ့်၌ ပရိနိဗ္ဗာန်စံတော်မူမည်၊ ငါ၌ဖြစ်သော သံသယကို ရဟန်းဂေါတမသည် တရားသဖြင့် ဟောပြောနိုင်လိမ့်မည် ငါယုံ ကြည်၏”ဟု အကြံဖြစ်ကာဗုဒ္ဓရှိရာ အင်ကြင်းဥယျာဉ်သို့ဝင်၍ ဗုဒ္ဓကိုဖူးမြင်ခြင်းငှါ အရှင်အာနန္ဒာ အား သုံးကြိမ်တိုင်အောင် ခွင့်တောင်း၍ဖြင့်လည်း အရှင်အာနန္ဒာ က ခွင့်မပြုခဲ့ပါ၊ ထိုအခါ ဗုဒ္ဓသည် “အာနန္ဒာ သုဘဒ္ဒကိုမတား လေနှင့် ငါဘုရားအား ညှင်းဆဲရန် လာခြင်းမဟုတ် သူ၏ သံသယကင်းအောင် ပြဿနာလာ မေးခြင်းဖြစ်၏၊ ငါဘုရား ဖြေတော်မူရင်း လျင်မြန်စွာဖြင့် သူ၏သံသယကင်းပျောက် အံ့”ဟု မိန့်တော်မူသောအခါ အရှင်အာနန္ဒာက ခွင့်ပြုလိုက် လေသည်၊ သုဘဒ္ဒပရိဗ္ဗိုဇ်သည်လည်း ဗုဒ္ဓအနီးသို့ချဉ်းကပ်၍ ဝမ်းမြောက်စကား လျှောက်ပြီးကာမှ သင့်တင့်လျှောက်ပတ် သောအရပ်၌ ထိုင်လေသည်၊ ထိုအခါ မိမိ၏ယုံမှားခြင်းသံသယ ကို မေးလေသည်၊ အရှင်ဂေါတမ တိတ္ထိဆရာကြီးခြောက် ယောက်တို့သည် မိမိဝန်ခံသည့်အတိုင်း သိကြပါကုန်သလော၊ သို့မဟုတ် တစ်ချို့သိ၍ တစ်ချို့ကမသိကုန်သလော၊ ဤသို့လျှောက်သောအခါ မြတ်စွာဘုရားက “သုဘဒ္ဒ သူများ၏

အကြောင်းကို ပြောဆိုရန်အချိန်မရှိတော့ သင့်အားတရားသာ ဟောမည် ကောင်းစွာနာယူလော့”ဟု မိန့်တော်မူ၍ သုဘဒ္ဒ အကြင်သာသနာ၏အရိယာဖြစ်ကြောင်း ကောင်းသောမဂ္ဂင် ရှစ်ပါး အကျင့်တရားမရှိ၊ ထိုသာသနာတော်၌ ပထမတန်း သောတာပန်ရဟန်းကိုလည်းမရနိုင်၊ ဒုတိယတန်း သကဒါဂါမ် ရဟန်းကိုလည်းမရနိုင်၊တတိယတန်း အနာဂါမ်ရဟန်းကို လည်းမရနိုင်၊ စတုတ္ထတန်း ရဟန္တာရဟန်းကိုလည်း မရနိုင်၊ အကြင်သာသနာ၌ အရိယာအဖြစ်ကို ပြုနိုင်သော မဂ္ဂင်ရှစ်ပါးအ ကျင့်ရှိ၏၊ ထိုသာသနာ၌သာ သောတာပန် သကဒါဂါမ် အနာဂါမ်ရဟန္တာဟူသော ပုဂ္ဂိုလ် လေးမျိုးရနိုင်၏၊ ဤငါဘုရား သာသနာတော်၌ အရိယာအဖြစ်ကို ပြုနိုင်သော မဂ္ဂင်ရှစ်ပါးအ ကျင့်ရှိ၍ ရဟန်းလေးမျိုးကို ရနိုင်တွေ့နိုင်၏၊ တိတ္ထိတို့၏ တရားတော်၌ မဂ္ဂင်ရှစ်ပါး အရိယာအဖြစ်ကို ဖြစ်စေနိုင်သော တရားမရှိသောကြောင့် သစ္စာလေးပါးကို ဖြစ်နိုင်သော ရဟန်းတို့မှ ကင်းဆိတ်ကုန်၏၊ သုဘဒ္ဒ ငါဘုရားသာသနာ တော်၌ ဘိက္ခုအမည်ခံသော ရဟန်းတို့သည် မဂ္ဂင်ရှစ်ပါး အကျင့်ကို ကောင်းစွာကျင့်၍ နေကြလျှင် ဤကမ္ဘာလောက

ကြီးမှာ ရဟန္တာတို့ မဆိတ်သုန်ဘဲ ရဟန္တာများကို အမြဲတွေ့မြင်နိုင်သည်၊ မဂ္ဂင်ရှစ်ပါးရှိသော သာသနာတော်၌ အရိယာရှိ၏၊ မဂ္ဂင်ရှစ်ပါးမရှိသော သာသနာတော်၌ အရိယာမရှိဟု မိန့်တော်မူခြင်းကို အလွန်နှစ်သက်တော်မူရကား မြတ်စွာဘုရား အလွန်နှစ်သက်ဖွယ်ကောင်းပါပေသည်၊ မှောက်နေသောအိုးကို လှန်ပြသကဲ့သို့ ပိတ်နေသောဝတ္ထုကို ဖွင့်ပြသကဲ့သို့ လမ်းမှားနေသူကို လမ်းမှန်ရောက်စေ၍ အမှောင်၌ မီးထွန်းပြသကဲ့သို့ ပရိယာယ်အမျိုးမျိုးဖြင့် တရားတော်ကို ထင်ရှားအောင် ဟောပြောတတ်ပါပေ၏။

မြတ်စွာဘုရား တပည့်တော်သည် မြတ်စွာဘုရား၌လည်းကောင်း တရားတော်၌လည်း ကောင်း အရိယာသံဃာတော်၌လည်းကောင်း ကိုးကွယ်ဆည်းကပ်ပါ၏၊ မြတ်စွာဘုရား တပည့်တော်ကို အစဉ်သနားသောအားဖြင့် ရှင်ရဟန်းအဖြစ် ပေးတော်မူပါ။ မြတ်စွာဘုရားသည် သုဘဒ္ဒကို ရဟန်းဖြစ်စေ၍ ကမ္မဋ္ဌာန်းကို ပေးတော်မူ၏၊ သုဘဒ္ဒသည် ဥယျာဉ်၏အစွန့်အဖျား စင်္ကြံလျှောက်လျှက် ကြိုးကြိုးစားစား တရားအာထုတ်လေရာ ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ နောက်ဆုံး

တော့ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မစံမီ အရှင်အာနန္ဒာအား လိုအပ်ရာရာ ဩဝါဒကိုပေးတော်မူပြီး၍ ရဟန်းတို့ ရတနာသုံးပါး၌ဖြစ်စေ အကျင့်တရား၌ဖြစ်စေ သံသယရှိလျှင် ယခုပင်မေးကြကုန်လော၊နောင်အခါမှ မိမိသံသယကိုမမေး မိလိုက်ဟု နှလုံးမသာယာမဖြစ်ကြလင့်ဟု သုံးကြိမ်တိုက်တွန်းနိုးဆော်တော်မူ၏၊ ထိုသို့တိုက်တွန်းပါသော်လည်း ရဟန်းတို့အားလုံးပင် တိတ်ဆိတ်ကြကုန်၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား အံ့ဩစရာကောင်းပါပေသည်၊ မဖြစ်စဖူး ထူးဆန်းပါပေသည်၊ တပည့်တော်သည် ဤဘိက္ခုရဟန်းအားလုံးပင် တစ်ပါးတလေမှ မြတ်စွာဘုရားစသည်အပေါ်၌ ယုံမှားသံသယ မရှိဟု ယုံကြည်ပါသည်"၊ ဤသို့ လျှောက်သောအခါ မြတ်စွာဘုရားက "အာနန္ဒာ ဤရဟန်းအပေါင်းသည်တို့တွင် တစ်ပါးတစ်လေမှ ဘုရားစသည် အပေါ်၌ ယုံမှားသံသယ မရှိဟု သိသောဉာဏ်သည်ပင် ငါဘုရား၌ဖြစ်ပြီး၊ အကြောင်းကား ငါဘုရားအနီး၌ရှိသော ရဟန်းငါးရာတို့တွင် အဆင့်အနိမ့်ဆုံး ရဟန်းတို့မှာ သောတာ

ပန်ဖြစ်၏၊ သောတာပန် ပုဂ္ဂိုလ်မှန်လျှင် ဘုရားစသည်အပေါ်၌ ကိုယ်တိုင်သိနေသောကြောင့် ယုံမှားသံသယမဖြစ်တော့” ဟု မိန့်တော်မူသည်၊ ထိုသို့ကဆုန်လပြည့် ညဉ့်၏အရုံမတက်မီ နောက်ဆုံးအချိန် ပရိနိဗ္ဗာန်စံခါနီးဝယ်–

**ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။**

ဟူသောဂါထာတော်ကို မိန့်တော်မူ၍မမေ့မလျော့ သောနေခြင်းဖြင့် သတိတစ်လုံး အမြဲသုံးကာ နေကြရန်နောက် ဆုံး ဩဝါဒပေးတော်မူသည်၊ သူသူငါငါ မမေ့မလျော့ဘဲ မေတ္တာတရားကိုယ်စီဖြင့် လောကအကျိုးသယ်ပိုးနိုင်ကြပါစေ။

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

## မှတ်သားစရာ
## အခြားဘာသာများ၏သမိုင်းအကျဉ်း
## ခရစ်ယာန်ဘာသာ
## ကောင်းကင်ဘုံ ဖန်ဆင်းပုံ

ခရစ်ယာန်ဘာသာ အယူဝါဒရဲ့ ပင်မ အယူဝါဒဟာ ဗရင်ဂျီဘာသာထဲမှာ သတ္တမမြောက် ဟင်နရီဘုရင်လက်ထက်ကစပြီး ဂိုဏ်းခွဲတွေပေါ်ထွက် လာခဲ့တယ်။ အဲ့ဒီဘုရင်ဂျီဘာသာ အယူဝါဒထဲက ဒေသနာတရားအရ ပြောရမယ်ဆိုရင် အရင်က ကောင်းကင်ဘုံနန်းဆိုတာ မရှိခဲ့ဘူးတဲ့။ ဒါပေမယ့် ဒီကောင်းကင်ဘုံနန်းကို ထာဝရသင်ကိုယ်တော်မြတ်က အောက်ပါအတိုင်း ဖန်ဆင်းခဲ့လေသည်။

အနန္တတန်ခိုးတော်ရှင် ထာဝရဘုရားသခင်ကိုယ်တော်မြတ်ဟာ အချိန်ကာလ ရှည်လျားစွာ တစ်ဦးတည်းစံစားနေတော်မူသတဲ့။ တစ်နေ့တော့ ကိုယ်တော်မြတ်ဟာ တဦးချင်းနေရတာငြီးငွေ့လာတော့ လှပပြီးကျက်သရေမင်္ဂလာမဖြာဖြာနဲ့ ပြည့်စုံတဲ့ ကောင်းကင်ဘုံနန်းကြီးတခုကို

ဖန်ဆင်းမယ်။ ဒီကောင်းကင်ဘုံနန်းမှာ သူ့ရဲ့အပေါင်းအဖော်နဲ့ အလုပ်သမားအဖြစ် လှလဲလှပတင့်တယ်တဲ့၊ တန်ခိုးအာဏာ လဲရှိတဲ့တမန်တော်တွေကို အနေခိုင်းမယ်ဆိုတဲ့ အကြံဉာဏ် တော် ရရှိလာသတဲ့။

အဲ့ဒီနောက် ဘုရားသခင်ကိုယ်တော်က–

"ကောင်းကင်ပြင်ကြီးတစ်ခုလုံးကို ဖုံးလွှမ်းထားတဲ့ အလွန်လှပ ပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့ ကောင်းကင် ဘုံကြီး တစ်ခုပေါ်ပေါက်လာစေ။ ကောင်းကင်ဘုံနန်းထိပ်၌ ငါဘုရားသခင်ကိုယ်တော် စံပယ်တော်မူရန် အလွန်တရာ ခန့်ညားထယ်ဝါတော်မူလှသည့် ပလ္လင်တော်တခု ပေါ်ပေါက် လာစေ။ ထိုပလ္လင်တော်၏ရှေ့လက်ဝဲ,လက်ျာတို့တွင် တဘက် တဘက်၌ ကိုးကုဋေစီ အရေအတွက်ရှိသော နေရာထိုင်ခင်း များပေါ်ပေါက်လာစေ။ တဖန်ဤနေရာထိုင်း ခင်းများ၌ နေထိုင်ကြရန်အတွက် (၁၈)ကုဋေမျှသော တမန်တော်များ ပေါ်ပေါက်လာကြစေ"ဆိုပြီး အမိန့်တော် ချမှတ်တော်မူခဲ့သည်။ အဲဒီလိုလဲ အရှင်ကိုယ်တော်က အမိန့်ရှိတော်မူလိုက်ရော တမန်တော် (၁၈)ကုဋေလည်း တခါတည်းပေါ်လာကြပြီး

သူတို့အတွက် ဖန်ဆင်းထားတဲ့ နေရာထိုင်ခင်းတွေမှာ အသီးသီး ဝင်ရောက်နေထိုင်ကြသည်။ လက်ျာဘက်မှ (၉)ကု ဋေရှိတဲ့ တမန်တော်တွေရဲ့ အကြီးအမှူးအဖြစ် ဂေးဘရစ်ယယ် ကို ခန့်ထားသတဲ့။ လက်ဝဲဘက်မှ (၉)ကု ဋေရှိတဲ့ တမန်တော် တွေရဲ့ အကြီးအမှူးအဖြစ် လော့ဂေါ့(စ်)ကို ခန့်ထားသတဲ့။ ပြီးတော့ ဘုရားသခင်ကိုယ်တော်မြတ်က လက်ျာဘက်တမန် တော်တွေနဲ့ လက်ဝဲဘက် တမန်တော် တွေကို ငါကိုယ်တော် ရှင်မြတ်အောက် ဒီတမန်တော် အကြီး အမှူးတွေကိုဘဲ လက်ျာ လက်ဝဲဘက်မှာ ရှိကြတဲ့ တမန်တော် အသီးသီးရိုသေကြရ မယ်။ ဒီတမန်တော် အကြီးအမှူးနှစ်ယောက်ဟာ ငါကိုယ်တော် အရှင်မြတ်အောက် အသင်တို့ကို အုပ်ချုပ်စီမံလိမ့်မယ်လို့ အမိန့် တော်မြတ် သတ်မှတ်ထား တော်မူလိုက်သည်။

ဒီလိုနဲ့ပဲ ထာဝရဘုရားသခင်ကိုယ်တော်မြတ်နဲ့ သူ့ရဲ့ အခြွေအရံ အလုပ်အကျွေးများဖြစ်ကြတဲ့ တမန်တော် တွေဟာ ပျော်ပျော်ပါးပါး စံမြန်းနေကြသတဲ့။ တစ်နေ့တော့ ထာဝရ ဘုရားသခင်ကိုတော်မြတ်က သူ့ရဲ့လက်ဝဲ၊ လက်ျာဘက်မှ တ မန်တော်များအားလုံးပျော်ပါးနေကြတာကို မြင်လေတော့ သူ့ရဲ့

စိတ်ထဲမှာ''ဒီ လက်ျာ,လက်ဝဲမှာ ရှိကြတဲ့ တမန်တော်တွေ အနက် ဘယ်ဖက်က တမန်တော်တွေက ငါ့အပေါ်မှာပိုပြီး သစ္စာတော် စောင့်ထိန်းတယ်ဆိုတာကို သိရအောင် ငါ့ရဲ့တန်ခိုး တော်နဲ့ကိုယ်ရောင် ဖျောက်တော်မူထားလိုက်ဦးမှပဲ'' လို့ ကြံစည်စိတ်ကူးတော်မူပြီး ရုတ်တရက်တမန် တော်(၁၈)ကုဋေ ကသူ့ကို မမြင်ရအောင် ကိုယ်ရောင်ဖျောက် လိုက်သည်။

ဒီလို ဘုရားသခင်ကိုယ်တော်မြတ် ပျောက်ကွယ်သွား ပြီးတဲ့နောက် အကြီးအမှူးဖြစ်တဲ့ လော့ဂါ(စ်)ရဲ့ စိတ်ထဲမှာ ''အင်းဘုရားသခင် ကိုယ်တော်မြတ် ပျောက်ကွယ်သွားတာ တော့ အချိန်အတော်ကြာသွားပြီ။ ကိုယ်တော်မြတ်ဟာ ကြွလာချင်မှကြွလာကြမှာ။ အဲ့ဒီတော့ ငါဟာ ဘုရားသခင် ကိုယ်တော်မြတ် စံစားတဲ့ ပလ္လင်ပေါ်မှာတက်ပြီး ထိုင်လိုက် ရရင် ငါဟာ တန်ခိုးတော်အနန္တရှင် ထာဝရဘုရားသခင် ကိုယ်တော်မြတ်ဖြစ်လာမယ်၊တကယ်လို့ငါဟာဒီပလ္လင်ပေါ်မှာ တက်မထိုင်နိုင်ရင် ဒီအနန္တတန်ခိုးတော်ရှင် ကိုယ်တော်မြတ် အစားအခြားဘုရားသခင်ကိုယ်တော်မြတ်တဦးရောက်လာ လိမ့်မယ်။'' လို့ စိတ်ကူးပြီး တဖြည်းဖြည်း ပလ္လင်ပေါ်တက်တဲ့

လှေကားထစ်အတိုင်း တထစ်ချင်း တက်သွားလေသည်။ အဲ့ဒီနောက် ထိပ်ဆုံးလှေခါးပေါ်ရောက်တော့ သူဟာခဏ လောက်ရပ်ပြီး အလွန်လှပခန့်ညားတဲ့ ပလ္လင်တော်ကြီးကို ကျ ကျနန ကြည့်ရှုအကဲခတ်လေသည်၊ အဲဒီနောက် ဘာအတား အဆီးမှ မတွေ့ရတော့ ပလ္လင်ပေါ်တက်ထိုင်ပြီး သူရဲ့စိတ်မှာ ရဲလာလေသည်၊ အဲဒီလို ရဲလာတော့ အင်အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်တော့ ပျောက်ကွယ်သွားပါပြီ၊ ဘယ်တော့မှ ပြန်ကြွ လာမှာ မဟုတ်ပါဘူး၊ ငါဟာအနန္တတန်ခိုး တော်ရှင် ဘုရားသခင်သစ်ဖြစ်လာပြီး တမန်တော်တွေကို ငါကိုယ်တော်မြတ်အား ရိုသေလာအောင် အမိန့်တော်ထုတ် လိုက်မှပဲ ဆိုပြီး လက်ျာဘက် လက်ဝဲဘက် နှစ်ဖက်စလုံးမှာ ရှိကြတဲ့ တမန်တော်အားလုံးကို “(၁၈)ကုဋေသောတမန် တော်တို့ ငါ့အားကြည့်ကြကုန်လော ငါသည်အနန္တတန်ခိုးတော် အရှင် မြတ်အသစ်ဖြစ်ချေပြီး သင်တို့အားလုံး နေရာမှထ၍ ငါ့အား ဦးညွတ်ကြကုန်လော့” ဟု အမိန့်ပေးတော်မူသည်။ အဲဒီလို အမိန့်ပေးလိုက်တဲ့အခါမှာ လက်ဝဲဘက်က (၉)ကုဋေ တစ်ယောက်လျှော့သောတမန်တော်တွေကအလွန်လေးစားတဲ့

အခနေနဲ့ နေရာမှထပြီး အသစ်ပွင့်တော်မူသော အနန္တတန်ခိုးတော် အရှင်မြတ်သည် အနန္တတန်ခိုးတော်နှင့် ပြည့်စုံပါပေသည်၊ အရှင်မြတ်သည် ကျွန်ုပ်တို့အား ဘေးအန္တရာယ်အပေါင်းမှ ကာကွယ် စောင့်ရှောက်တော်မူပါဘုရား၊ ကျွန်ုပ်တို့ကလည်း အကြွင်းမဲ့ ယုံကြည်ကိုးကွယ်ဆည်း ကပ်ပါ၏ဘုရား" ဟု လျှောက်ထားကြလေသည်။

အဲဒီနောက် လက်ဝဲတမန်တော်အကြီးအမှူး လော့ဂေါ့(စ်)က ကောင်းလေစွ ကောင်းလေစွ တမန်တော်တို့ သင်တို့၏ရှိသေခြင်း ဦးခိုက်ခြင်းတို့ကို လက်ခံတော်မူသည်၊ အသင်တို့လျှောက်ထားသည့်အတိုင်း အသင်တို့အား ကာကွယ် စောင့်ရှောက်တော်မူမည်၊

အသင်တို့ ထိုင်နေကြနေရာ၌ပင် ထိုင်ကြကုန်လော့ ဟု မိန့်တော်မူလိုက်လေသည်၊ အဲဒီနောက် လက်ျာဘက်မှာ ရှိတဲ့က တမန်တော်တွေဆီ လှည့်ပြီး "အိုလက်ျာဘက် (၉)ကုဋေမျှရှိသော အသင်တို့ အသစ်ပွင့်တော်မူသော ငါဘုရားသခင်အား ဦးညွတ်ကြကုန်လော အကယ်၍ သင်တို့သည် ငါ့အား ဦးညွတ်ခြင်း ပူဇော်ခြင်း မပြုခဲ့သည်ရှိသော်

အသင်တို့အား အပြစ်ဒဏ်ခတ်တော်မူမည်ဟု မိန့်တော်မူလိုက်သည်၊ အဲဒီအခါလက်ျာဘက်က တမန်တော်တွေက မားမားမတ်မတ်ကြီး ထိုင်နေတဲ့ သူတို့ရဲ့ အကြီးအမှူးဖြစ်တဲ့ ဂေးဘာရစ်ယယ်(လ်)ကို ကြည့်ပြီး သူတို့က လည်း မားမားမတ်မတ်ထိုင်နေကြတယ် ဘယ်သူမှလည်း လော့ဂေါ့(စ်)ကို အရေးမလုပ်ကြဘူး၊ အဲဒီချိန်မှာအနန္တတန်ခိုးတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ဟာ ရုတ်တရက် ဒေါသတကြီးနဲ့ပေါ်လာပြီး တမန်တော် လော့ဂေါ့(စ်)ကိုဖမ်းပြီး ကောင်းကင်ဘုံနန်းကြမ်းပြင်ပေါ်တွင် ကိုင်ပေါက်လျက်–

''အို ယုတ်ညံ့သိမ်ဖျင်းလှတဲ့ အကုသိုလ်ကောင် လော့ဂေါ့(စ်)သင်ဟာ မာန်မာနတရား။ အလွန်ကြီးထွားပြီး သင့်အားဖန်ဆင်းသူ သင့်ရဲ့ကျေးဇူးတော်ရှင် ငါဘုရားသခင် ကိုယ်တော်မြတ်ကိုပင် မရိုမသေ မလေးမခန့်ပြုပြီးတော့ ဘယ်နည်းနှင့်မျှအခွင့်မလွှတ်နိုင်သောပြစ်မှုကို ကျူးလွန်ထားချေပြီး သင်နှင့်တကွ သင့်နောက်လိုက် တမန်တော်တွေဟာ ဒီအပြစ် ဒဏ်ဖြင့်ပျက်စီးကြကုန်အံ့။ သင်တို့အတွက် ငါသည် ငရဲဘုံကို ဖန်ဆင်းအံ့။ သင်တို့သည် အလွန်ပြင်းထန်လှစွာသောဝေဒနာကို

ခံစားကြရကုန်အံ့။ အသင်လော့ဂေါ့(စ်)သည် ယနေ့မှစ၍ လူစီဖားဟုတွင်ပြီး ငရဲဘုံ၏ဘုရင် ဖြစ်စေအံ့။ အခြားသူများကိုလည်း မကောင်းမှုကို ပြုလုပ်ရန် စေ့ဆော်တိုက်တွန်းနေအံ့။ သင်၏နောက်လိုက်များသည်လည်း ဘီလူးသဘက်ဖြစ်ကြစေအံ့။ သင်သည် မည်းမှောင်သော အသွင်သဏ္ဌာန်သို့ ကူးပြောင်းပြီး ဦးချိုနှစ်ချောင်း အမြီးတစ်ချောင်း ပေါက်စေအံ့။ သင်၏ခံတွင်းမှလည်း မီးတောက်မီးလျှံများ ထွက်စေအံ့။ နောင်ကာလ၌ ငါဘုရားသခင်ကိုယ်တော်မြတ်သည် လူသားတို့ကို ဖန်ဆင်း၍ ပညတ်တော်(၁၀)ချက်ကို အထိန်းသိမ်းခိုင်းအံ့။ ဤနည်းဖြင့် သူတို့သည် အကောင်းမှုကို ပြုရန် သင်၏တိုက်တွန်းနိုးဆော်ချက်ကို မဖယ်ရှားနိုင်ဘဲ အလိုဆန္ဒအတိုင်းလိုက်နာပြုလုပ်ကြသည့် လူသားတို့သည်ငရဲဘုံတွင်ငရဲမီး၏လောင်မြိုက်ခြင်းကို အစဉ်ထာဝရ ခံစားနေကြရကုန်အံ့။

သို့ရာတွင် ငါဘုရားသခင်ကိုယ်တော်မြတ်၏ ပညတ်တော်(၁၀)ချက်အတိုင်း လိုက်နာကြ၍ သင်၏စေ့ဆော်တိုက်တွန်းချက်ကို ငြင်းဆန်ပြီး သင်နိုးဆော်သည့်အတိုင်းမလုပ်ကြသည့် လူသားတို့ကား ဤကောင်းကင်ဘုံနန်းတွင်

အစဉ်ထာဝရခံစားကြရစေအံ့”ဟု အမိန့်ထုတ်ပြန်ပြီး ကောင်းကင်ဘုံနန်းအောက်တွင် ငရဲဘုံကိုဖန်ဆင်းပြီးတဲ့နောက် ဘုရားသခင်ကိုယ်တော်မြတ်က ကောင်းကင်ဘုံနန်း ကြမ်းပြင်ကို တခါတည်း ခွဲပစ်လိုက်ပြီး မကောင်းမှုအကုသိုလ်ကံကျူးလွန်ကျတဲ့ တမန်တော်(၉)ကုဋေကို တခါတည်းငရဲပြည်ထဲ ချလိုက်သတဲ့။

အဲဒီနောက် သူတို့တတွေရဲ့ အသားဟာ မည်းမှောင်ကုန်ကြပြီး အလွန်ကြောက်စရာကောင်း လာကြသတဲ့။ သူတို့ရဲ့ ခေါင်းတွေပေါ်မှာ ချိုနှစ်ချောင်းစီပေါက်ပြီး သူတို့နောက်မှာလည်း မျောက်တွေလို အမြီးတွေပေါက်ကုန်ကြသတဲ့။ဤသည်ခရစ္စယာန်၏ ကောင်းကင်ဘုံနန်း ဖန်ဆင်းခြင်း၏သမိုင်းအကြောင်းဖြစ်ပေသည်။

**ခရစ်တော်၏ (၁၈)နှစ်တိမ်ပျောက်ခဲ့တဲ့သမိုင်း**

ဒီနေရာလေးခရစ်ယာန်ဘာသာတို့ရဲ့ယုံကြည်ထားသည်က ခရစ်တော်(၁၈)နှစ်ပျောက်ဆုံးရခြင်း အကြောင်းက သူ့အဖရဲ့ လယ်ကိုပြန်ကူညီနေရလို့ပျောက်ဆုံးရခြင်းဖြစ်တယ်လို့ ယုံကြည်ကြတယ်၊အမှန်တော့ အမေရိကန် ချီကာဂိုမြို့က ကမ္ဘာ

ကျော်ခရီးလှည့်လည်သူ သုတေသနပုဂ္ဂိုလ် ပါမောက္ခ ဂိုးရစ်(ခ်) ရဲ့ မှတ်တမ်းထဲမှ ခရစ်တော်ကိုယ်တိုင် ဟေဗြဲဘာသာနဲ့ရေး သားထားတဲ့ စာရွက်ပေါင်း (၁၀၀)ပေါ်မှာ သူကိုယ်တိုင် (၁၈) နှစ်အတွင်း တွေ့ကြုံခဲ့တဲ့ အတွေ့အကြုံကို မှတ်တမ်းတင်ပြီး ကြိုးနဲ့ကျကျနန ချည်နှောင်ကာ တရားဓမ္မကို ဟောပြောသွန် သင်တဲ့အခနေနဲ့ ကန်တော့ခဲ့တဲ့ မှတ်တမ်းထဲမှာ ခရစ်တော် ကိုယ်တိုင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

ကျွန်ုပ်အား အသက်(၁၂) အရွယ်သို့ ရောက်သောအခါ ရေဟူဒီလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ရေဟူဒီဘုန်းတော်ကြီး ကျောင်းသို့ နွေဦးရာသီပွဲတော်အတွင်း ခေါ်သွား ကြပါသည်။ ထိုရေဟူဒီကျောင်း၌ ရေဟူဒီဆရာတော်များသည် ထာဝရ ဘုရားသခင်၏ ဖန်ဆင်းခြင်း၊ သူ၏ကရုဏာ၊ သူ၏ဒေါသအချက်၊ သူ၏တရားမှန်ကန်ခြင်းစသည့် တရားတို့ကို ဆွေးနွေးနိုးနော ကြ၏။ ကျွန်ုပ်အဘိုး၏ အရှိန်အဝါဖြင့် ကျွန်ုသည် ရေဟူဒီ ဘုန်းတော်ကြီးများအား ကျွန်ုပ်မသိ နားမလည်သည့် အချက် တို့ကို ဝင်၍ မေးမြန်းခွင့်ရရှိခဲ့၏။ ကျွန်ုပ် ပထမဦးဆုံး မေးမြန်း သည့် မေးခွန်းကား-

"ဟေဟိုးဝါသည် အချို့ကို လူချမ်းသာ၊ အချို့ကို လူဆင်းရဲ၊ အချို့ကို ပညာရှိ ၊ အချို့ကို လူယုတ်မာ၊ အချို့ကို ရုပ်ရည် အလှအပ၊ အချို့ကို အရုပ်ဆိုး အကြည့်တန်၊ အချို့ကို အသက် ရှည်ရှည်၊ အချို့ကို အသက်တိုတို၊ အချို့ကို မျက်စိကောင်း ကောင်း၊ အချို့ကို မျက်စိမမြင်၊ အချို့ကို ကျန်းကျန်းမာမာ၊ အချို့ကို ရောဂါသည်၊ အချို့ကို အားအင်အကောင်း၊ အချို့ကို အားအင်အချိအနဲ့အစရှိသည်ဖြင့် လူအချင်းချင်း ကွဲပြားခြား နားစွာ အဘယ်ကြောင့် ဖန်ဆင်းထားပါသလဲ"ဟု မေး၏။

ထိုအခါ ရေဟူဒီဘုန်းတော်ကြီးများနှင့် ပရိသတ် အား လုံးသည် အံ့အားသင့်သွားကြ၍ ကျွန်ုပ်၏ မေးခွန်းကို မဖြေနိုင် ကြသဖြင့်–

အို သူငယ်၊ ဤအချက်ကို ယေဟိုးဝါးသာလျှင် သိနိုင် သည်"ဟု ရေဟူဒီဘုန်းတော်ကြီးများက ပြန်ပြောကြသည်။

တဖန် ကျွန်ုပ်က–ယေဟိုးဝါးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ သုံးပါးသောကာလတို့ကို သိပါလျှက်နှင့် အဘယ်ကြောင့် ငရဲဘုံကို ဖန်ဆင်းခဲ့ပါသနည်း ဟုမေးမြန်း ပါသည်။ ထိုအခါ ရေဟူဒီဆရာတော်များက ယုတ်မာညစ်ယမ်း

သူတို့ကို အပြစ်ဒဏ်ပေးရန် ရေဲဘုံကို ဖန်ဆင်းခဲ့သည်ဟု ပြန်ပြေ၏။ ထိုနောက် တဖန် ရေဟိုဝါးသည် သူ၏ဖန်ဆင်းမှုနှင့် ဆိုင်ရာ အနာဂတ်ကာလ၏သဘောကို သိမြင်ပါလျှက်နှင့် အဘယ်ကြောင့် ယုတ်မာညစ်ယမ်းသူတို့ကို ဖန်ဆင်းရပါသနည်းဟု ကျွန်ုပ်က ထပ်၍မေးလိုက်ပြန်၏၊ ထိုအခါ အားလုံးသော ရေဟူဒီဘုန်းတော်ကြီးများသည် မည်သို့မျှ မပြေနိုင်ကြတော့ဘဲ ကျွန်ုပ်အား သူတို့အားလုံး၏ ဂိုဏ်းချုပ် အဖြစ် ရွေးကောက်တင်မြှောက်ကြ၏။

ထိုနောက် ကျွန်ုပ်သည် ကျွန်ုပ်၏မြင့်မြတ်သည့် ရာထူးအရှိန်ကို အသုံးပြုလျှက် နှင်းတံတချောင်းကိုယူကာ ဘုရားတန်ဆောင်းထဲ၌ သူတို့လုယက်တိုက်ခိုက်၍ရသော ပစ္စည်းတို့ကို ရောင်းချနေကြသူများအား နှင်းတံနှင်ရိုက်ပြီး ဤနေရာကာ ယေဟိုဝါးဘုရားတန်ဆောင်းဖြစ်သည် အသင်တို့အတွက် ဈေးရောင်းစရာနေရာမဟုတ်ဟု ဆိုကာ နှင်ထုတ်ပစ်လိုက်၏။ ယေဟိုဝါ၏တရားတော်ကား ရှက်ဖွယ်ဖြစ်နေကြောင်း အခြေအမြစ်မရှိကြောင်းကို သိမြင်လာသော အကျွန်ုပ်သည် အလွန်မြင့်မြတ်သည့် ဂိုဏ်းထူး နေရာထူးတို့ကို ရနေသည့်တိုင်အောင်

ဤမပဟုတ်မမှန်သော စကားကို ရှုံ့ရှာမုန်းတီး၍ အမှန်တရားကို မတွေ့တွေ့အောင် ရှာကြံမည်ဟု သန္နိဋ္ဌာန်ချလိုက်၏။ ထိုနောက် ကျွန်ုပ်သည် ဘုရားရှိခိုးကျောင်းထဲမှ ထွက်၍ မြို့တော်မှ ထွက်ခွာလာခဲ့၏။ငါးမိုင်ခြောက်မိုင်ကျော်ခန့် လမ်းလျှောက်မိသောအခါ ခရီးသွား ကုန်သည်တစ်စုနှင့်တွေ့၏။ သူတို့၏ဝတ်စားဆင်ယင်ပုံမှာ ယေဟူဒီလူမျိုးများနှင့် ကွဲပြားခြားနားလျက်ရှိရာ သူတို့သည် တိုင်းတစ်ပါးမှ လာရောက်ကြပြီး ကုန်သည်များဖြစ်ရမည်ဟု သတိပြုမိ၏။ သို့နှင့် သူတို့အနီးသို့ ချဉ်းကပ်လိုက်ရာ ကံအား လျော်စွာ သူတို့ခေါင်းဆောင်နှင့် တွေ့ပြီး သူတို့အား "မည်သည်အရပ်မှ မည်သည့်ကိစ္စဖြင့် လာ ကြသနည်း"ဟု မေးမြန်းလိုက်ပါသည်။ ထိုအခါ ခရီးသွား ကုန်သည်များ၏ ခေါင်းဆောင်များက သူတို့သည် တိဗက်ပြည်မှ ဖြစ်ကြောင်း၊ တိဗက်ပြည်သား ရေများ ဦးချိုများနှင့် ထူးဆန်းသည့် ပစ္စည်းများကို ဂျေရုဆလင်မြို့မှ ရွှေ,ငွေ,ကျောက်သံပတ္တာမြားနှင့် အခြားအ ဖိုးတန် ဆေးဝါးတို့နှင့် ဖလှယ်ရန် လာကြကြောင်း ပြောပြ၏။ကျွန်ုပ်သည် ခေါင်းဆောင်၏ စိတ်နေသဘောထားကို သဘောကျမိသဖြင့် စကားပြောရင်း ဆိုရင်း

နှင့်ပင် လောက၌ အချို့လူတို့က ဆင်းရဲ၊ အချို့က ရုပ်ချော၊ အချို့က ချိန့်လျက် အဘယ်ကြောင့် မညီမမျှမွေးဖွားကြသနည်းဟူသော ရေဟူဒီ ဘုန်းကြီးများအား ပထမဆုံးမေးသည့် မေးခွန်းကို မေးကြည့်လိုက်သည်။

ထိုအခါ ကုန်သည် အဖွဲ့ခေါင်းဆောင်က–

" အို ချစ်လှစွာသော သူငယ်၊ လူသားများအနက် အချို့က ဆင်းရဲ၊ အချို့က ချမ်းသာ၊ အချို့က ပညာရှိ၊ အချို့က ပညာမဲ့၊ အချို့က ရုပ်ချော၊ အချို့က အကြည့်တန်၊ အချို့က ကျန်းကျန်းမာမာ အချို့က အင်အားချိနဲ့ အဖြစ်ဖြင့် တဦးနှင့်တဦး အသွင်မတူဘဲ မွေးဖွားကြရသည်မှာ အတိတ်ဘဝက ကာယကံ ဝစီကံ မနောကံ တည်းဟူသော ကမ္မသတ္တိတို့ကြောင့်ပင်ဖြစ်၏။

ရုပ်အဆင်းအားဖြင့် လှပချောမွေ့၍ လှပသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီးလျှင် မှန်ရှေ့တွင် ရပ်လိုက်သောအခါ လှပ၍ ကျက်သရေရှိသော အသွင်သဏ္ဌာန်သည် ထင်လာကာ ရုပ်အဆင်းအားဖြင့် ဆိုးဝါး၍ စုတ်ပြတ်ဟောင်းနွမ်းသော အဝတ်တို့ကို ဝတ်ဆင်ထားသသူတယောက်သည်မှန်ရှေ့တွင်

ရပ်လိုက်သောအခါ အရပ်ဆိုး၍ ကျက်သရေ ယုတ်လှသည့် အသွင်သဏ္ဌာန်သည် ထင်လာသကဲ့သို့ အချို့လူသားတို့သည် အတိတ်ဘဝက ကမ္မသတ္တိကောင်းကြသဖြင့် စည်းစိမ်ဥစ္စာ ချမ်းသာကြ၏၊ ရုပ်အဆင်းသဏ္ဌာန် လှကြ၏၊ ပညာဉာဏ် ထက်မြက်ကြ၏၊ ကျန်းမာသန်စွမ်းကြ၏၊ ကိုယ်လက်အင်္ဂါ ပြည့်စုံကြ၏၊ အသက်ရှည်ကြ၏၊ အချို့လူသားတို့ကား အတိတ် ဘဝက ကမ္မသတ္တိ ညံ့ဖျင်းကြသောကြောင့် ဆင်းရဲနွမ်းပါး ကြ၏။ အရုပ်ဆိုး အကြည့်တန်ကြ၏၊ အသိဉာဏ် ကင်းမဲ့ ထုံထိုင်းကြ၏၊ အင်အားချိနဲ့ကြ၏၊ ကိုယ်အင်္ဂါမပြည့်မစုံ ချို့ တဲ့ကြ၏။ ဤကဲ့သို့ လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားကြရခြင်းမှာ အထက်က ပြောခဲ့သကဲ့သို့ အတိတ်ဘဝက ကမ္မသတ္တိ အဆိုးနှင့်အကောင်းအရသာ ဖြစ်၏။ မည်သည့် ထာဝရဘုရား သို့မဟုတ် ယေဟိုးဝါ၏ဖန် ဆင်း မှုကြောင့်မျှမဟုတ်ချေ။ တစ်နည်းအားဖြင့် ဥပမာပေး ရသော် ဥယျာဉ်မှူး တစ်ယောက်သည် ချိုမွှေးသော အပင်ကို စိုက်လျှင် ချိုမွှေးသောအသီးကို စား၍ ခါးသော အပင်ကို စိုက်လျှင် ခါးသောအသီးကို စားရဘိသကဲ့သို့ဖြစ်၏။” ဟု

ကုန်သည်ခေါင်းဆောင်ကြီးက ဖြေလိုက်သည့် အဖြေကိုကြား လိုက်သောအခါ ကျွန်ုပ်သည် အလွန်ဝမ်းသာအားရကာ သူ့အား "မည်သူဟောကြားသည့် တရားတို့ကို လိုက်နာပါသနည်း" ဟု မေးမိပါသည်။

ထိုအခါ ကုန်သည်ခေါင်းဆောင်ကြီးက "အို ချစ်လှစွာသောသူငယ် ကျွန်ုပ်ကား ဗုဒ္ဓကိုယ်တော်မြတ် ဟောကြားတော်မူသော တရားကိုသာ လိုက်နာကျင့်သုံး၏၊ ဗုဒ္ဓကိုယ်တော်မြတ်သည် လောကသုံးပါးတွင် ပညာအရှိဆုံး ဖြစ်သည်။ အလုံးစုံသော တရားတို့ကို အကြွင်းမဲ့ သိတော်မူသည့် သဗ္ဗညုတ ဉာဏ်တော်ရှင်လည်းဖြစ်သည်။ ဓမ္မစကြာတရား ရှင်လည်းဖြစ်သည်။ သစ္စာလေးပါး တရားတော်ကိုလည်း ပိုင်းခြားထင်ထင်သိမြင်တော်မူသည်။ အနန္တဉာဏ်တော်၊ အနန္တတန်ခိုးတော်ရှင်လည်း ဖြစ်တော်မူသည်"ဟု ပြန်၍ ဖြေကြား၏။ ထိုအခါ ကျွန်ုပ်သည် ဗုဒ္ဓကိုယ်တော်မြတ် ဟောကြားတော်မူသည့် တရားဒေသနာတို့ကို လိုက်နာကျင့်သုံးလိုလှသဖြင့် ကျွန်ုပ်၏ မိတ်ဆွေသစ်ကုန်သည်ခေါင်းဆောင်ကြီးအား ကျွန်ုပ်ကို တိဘက်ပြည်သို့ ခေါ်ဆောင်၍

ဆရာတော်တစ်ပါးထံ အပ်နှံပေးပါရန် တောင်းပန်လိုက်၏၊ ကျွန်ုပ်က ဤကဲ့သို့ တောင်းပန်လိုက်သောအခါ ကုန်သည် ခေါင်းဆောင်ကြီးက– “အို သူငယ်၊ ကျွန်ုပ်သည် သင့်အား ကျွန်ုပ်တို့ တိဘက်ပြည်သို့ခေါ်သွားလိုပါ၏၊ သို့ရာတွင် သင်သည် အသက်အရွယ်အားဖြင့် အလွန်နုနယ်၍ မိဘနှစ်ပါးတို့၏ အုပ်ထိန်းခြင်းမှ မကင်းလွတ်သဖြင့် သင့်၏မိဘများကိုယ်တိုင် သင့်အား ကျွန်ုပ်၏လက်တွင်းသို့ မအပ်နှံသမျှ ကျွန်ုပ်သည် သင့်အား တိဘက်ပြည်သို့ ခေါ်သွား၍မသွားနိုင်ပါ” ဟု ပြန်၍ ဖြေဆိုပါသည်။ ဤတွင် ကျွန်ုပ်က– “အို မိတ်ဆွေ ကုန်သည် ခေါင်းဆောင်ကြီး၊ ဤကိစ္စနှင့်ပတ်သက်၍ စိုးစဉ်မျှ မစိုးရိမ်ပါလင့်၊ ကျွန်ုပ်သည် အသက်အရွယ်အားဖြင့် အလွန်နုနယ်လှသော်လည်း အသိပညာနှင့် ပတ်သက်သောအခါ မနုနယ်ပါ ရာထူးဌာန္တရအားဖြင့် မြင့်မားသူတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်၏ ခန့်ငြားထယ်ဝါလှသည့်ဝတ်စုံနှင့် ဤအထိမ်းအမှတ်လက်စွပ်ကို ကြည့်ပါ ကျွန်ုပ်သည် ဤမြို့မှ ရေဟူဒီဘုန်တော်းကြီးများ ထဲတွင် အချုပ်အခြာဖြစ်သည်။ ကျွန်ုပ်သည် မသိမမြင်ခဲ့ဘူး သည့် ယေဟိုးဝါ၏ မူမမှန်သောတရားတို့ကို မုန်းတီး၍ရှာသဖြင့်

သစ္စာတရားမရရအောင် မတွေ့တွေ့အောင် ရှာဖွေလေ့လာမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ကျွန်ုပ်၏ကျောင်းကို စွန့်ခွါခဲ့သူဖြစ်၏။ အကယ်၍သာ ကျွန်ုပ်သည် သင်နှင့် ယခုကဲ့သို့ မတွေ့ခဲ့ပါက သစ္စာတရားကို ရှာဖွေရန် တောကြီးမျက်မည်းထဲသို့ ရောက်နေမည်ဖြစ်၏၊ ထို့ကြောင့် ကျွန်ုပ်သည် သင်နှင့် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ သင်က ခေါ်သည်ဖြစ်စေ၊ မခေါ်သည်ဖြစ်စေ ဤမြို့ ဤဒေသမှ အမှန်မုချ ထွက်ခွာမည်ဖြစ်သည်” ကုန်သည်ခေါင်းဆောင်ကြီးသည် ကျွန်ုပ်၏ ရဲရင့်တိကျသော စကားနှင့် ပြင်းထန်သော ဆုံးဖြတ်ချက်တို့ကို ကြားသောအခါ ကျွန်ုပ်အား တိဘက်ပြည်သို့ ခေါ်သွားရန်နှင့် တိဘက်ပြည်သို့ရောက်သောအခါ သူကိုးကွယ်ဆည်းကပ်သည့်ဆရာတော်ကြီးထံအပ်နှံပေးရန် သဘောတူလိုက်လေသည်။ ကံကောင်းထောက်ပံ့သဖြင့် ခရီးသွားကုန်သည်တို့သည် ထိုနေ့မှာပင် တိဘက်ပြည်သို့ ပြန်ကြရန် စီစဉ်ထားကြသောကြောင့် ကျွန်ုပ်သည် ချက်ချင်းပင် သူတို့နှင့်အတူ တိဘက်ပြည်သို့ လိုက်သွားခွင့်ရခဲ့၏၊ (၄)လကြာမျှ အလွန်ပြင်းပြင်းထန်ထန်နှင့် ခရီးကြမ်းနှင်ခဲ့ပြီးနောက် ကျွန်ုပ်သည် တိဘက်

## ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

ပြည်တောင်ပိုင်း မွန်ဘုန်းကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် အရှင်အရိယပုတ္တမဟာထေရ်ထံသို့ ရောက်ခဲ့လေသည်။

ကျွန်ုပ်သည် တိဘက်ဘာသာစကားကို မတတ်ကျွမ်းသော် လည်းခရီးသွားကုန်သည် ထခေါင်းဆောင်ကြီး၏ အကူအညီဖြင့် အရှင်အရိယပုတ္တမဟာထေရ်မြတ်၏ ခြေတော်ရင်းဝတွင် ခိုလှုံလိုကြောင်း လျှောက်ထားနိုင်ခဲ့၏။

ဆရာတော် မဟာထေရ်မြတ်သည် ကျွန်ုပ်အား အစမ်းသဘောဖြင့် (၆)လတိတိ သူ၏ခြေတော်ရင်းတွင် ပညာသင်ကြားပေးကာ စောင့်ကြည့်ခဲ့၏၊ ထိုအချိန်ကာလတွင်း ကျွန်ုပ်သည် တိဘက်ဘာသာကို လေ့လာခဲ့၏၊ ဆန္ဒပြင်းပြမှုကို ယုံကြည်စိတ်ချကာ ကျွန်ုပ်အား သံဃာအပါး (၁၀) ကျော်နှင့် အလွန်ကြီးမားလှသည့် ပရိသတ်ရှေ့မှောက်၌ သာမဏေရဇိဝကိရိတဟူသောဘွဲ့ (ဟေဗြဲဘာသာအရ ''ယေရှုခရစ်တော်'')ဖြင့် ရှင်သာမဏေအဖြစ်နှင့် သာသနာဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်တော်မူလေ၏။ (သာမဏေရဇိဝကိရိတ (သို့မဟုတ်) ရှင်သာမဏေဟာ(၇)နှစ်နှင့် (၆)လတိုင်တိုင် ရှင်သာမဏေတို့ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်သိက္ခာတို့ကို

ကျကျနန ထိန်းသိမ်းခဲ့လေတော့ အရှင်အရိယပုတ္တမဟာ ထေရ်မြတ်က အသက်(၂၀)အရွယ်သို့ ရောက်တဲ့အခါမှာ ရဟန်းတော်အဖြစ် ဥပသမ္ပဒါပြုပေးတော်မူသတဲ့။

ရဟန်းတော် အရှင်ကိရိတဟာ စိတ်အားလည်း ထက်သန် ဗုဒ္ဓရဲ့တရားတော်ကိုလည်း အလွန်ယုံကြည်ကိုး စားတော်မူတဲ့အတွက် စာပေပရိယတ်ကိုလည်း တစ်ဖက်က သင်အံကျက်မှတ် တစ်ဖက်က သမထတရားတို့ကို လေ့လာ အားထုတ်နေတော့ မကြာမီအတွင်းမှာ ဈာန်အဘိညာဉ်တွေကို ရပြီး တန်ခိုးတွေကို ပြနိုင်လာတယ်။ သူ့ရဲ့ဆရာတော် အရှင်အရိယပုတ္တကလည်း ရဟန္တာတစ်ပါးဖြစ် လေတော့ ခရစ်တော်ရဲ့ အနာဂါတ်အရေးကို သိမြင်တော်မူတယ်တဲ့။ ခရစ်တော်ဟာ အလွန်ဆိုးဝါးတဲ့ သေခြင်းတရားနဲ့ တွေ့ကြုံရမဲ့ အရေးကို မြင်တော်မူသတဲ့။ ဒါကြောင့် ရဟန်းတော် ဇီဝကိရိတ က သူ့အရပ် သူ့ဌာနသို့ ပြန်ရန် အခွင့်တောင်းတော့ အခွင့်မ ပြုဘဲ ငြင်းဆန်နေသတဲ့။ ဒါပေမယ့် တစ်ကြိမ်မျှသာ မဟုတ်ဘဲ အကြိမ်ကြိမ် အဖန်ဖန် လျှောက်ထား တောင်းပန်လေတော့-

''အိုး ချစ်သားဇီဝကိရိတ ချစ်သားဟာ အောက်ပါအချက်

တွေကို လိုက်နာကျင့်သုံးမယ်ဆိုရင် ချစ်သားအား သွား ခွင့်ပြုမယ်။ ဆရာတော် လိုလားတဲ့ အချက်တွေကတော့-

(၁) အကယ်၍ ရေဟူဒီလူမျိုးများ (သို့မဟုတ်) ဣသရေလ လူမျိုးများက သင့်အား တံတွေးများထွေး၍ ရှုံ့ချကဲ့ရဲ့ ကြသည့်တိုင်အောင် ခဲအုတ်များနှင့် ပေါက်သည့် တိုင်အောင် ဆဲရေးတိုင်းထွာသည့်တိုင်အောင် ချစ်သားက ချစ်သား၏ ဈာန်အသိဉာဏ်တန်ခိုးကို အသုံးပြု၍ မတုံ့ပြန် ပါနှင့်။

(၂) အကယ်၍ တစုံတစ်ယောက်သောသူက သင့် အားမဟုတ်မမှန် မတရားသဖြင့် စွပ်စွဲသည့်တိုင်အောင် ချစ်သားက ပကတိ တည်ငြိမ်သောသဘောနှင့် သည်းခံရမည် ဖြစ်၏။

(၃) အကယ်၍ တစုံတစ်ယောက်သောသူက သင်၏ မျက်မှောက်မှာပင် ဗုဒ္ဓကိုယ်တော်မြတ်ကိုငှင်း၊ တရားတော် မြတ်ကိုငှင်း၊ သံဃာတော် အရှင်မြတ်တို့ကိုငှင်း၊ သွားပုပ်လေ လွင့်မတရားသဖြင့် ပြောသည့်တိုင်အောင် နည်းပရိယာယ်ကို သုံးလျက် သူတို့၏ မိုက်မှားမှုကို သိမြင်လာအောင် ဟောပြော

ညွှန်ပြရမည် ဖြစ်၏။ အကြောင်းသော်ကား သူတို့သည် ဘာမျှ မသိမမြင် နားမည်ကြ၍သာပြုမူကြခြင်းဖြစ်ရာ သူတို့အား အပြစ်မှ အခွင့်လွှတ်ရမည် ဖြစ်၏။

(၄) အကယ်၍ တစုံတစ်ယောက်သောသူက အထင်အမြင်လွဲမှားသည်ရှိသော် နားလည်လာသည့်တိုင်အောင် ဥပမာ ဥပမေယျများကို ဆောင်ကာဟောပြော ရှင်းလင်းပြရမည် ဖြစ်၏။

(၅) မည်ကဲ့သို့ပင်ဖြစ်စေ သင့်အား ကန့်လန့်ဆန့်ကျင်ပြုလုပ်နေကြသည့် သင်၏ ရန်သူများအား မုန်းတီးခြင်း၊ ဒေါသဖြစ်ခြင်းစသည့် အရိပ်လက္ခဏာတို့ကို မပြပါနှင့်။

(၆) သင်သည် အခါမလပ် မမေ့မလျော့သော စိတ်ဓါတ်နှင့် ချာန်အဘိညာဉ်တရားတို့ကို ပွါးများပါလေ။ မေတ္တာကမ္မဋ္ဌာန်းကို ပွားများကာ ကမ္ဘာလောကကြီး တစ်ဝှမ်းလုံးကို သင်၏မေတ္တာ ကရုဏာတရားဖြင့် လွှမ်းမိုးပါစေ။

(၇) အကယ်၍ တစုံတယောက်သောသူ (သို့မဟုတ်) လူတစ်စုက သင့်အား ရိုက်နှက်သတ်ဖြတ်စေကာမူ သေသည် အထိ အသိတရားကင်းမဲ့စွာ မိုက်မှားသူတို့အပေါ်တွင် မေတ္တာ

ကရုဏာတရားများ ပွားများကာ နောက်ဆုံး သေသည့် အချိန်အထိ ဗုဒ္ဓကိုယ်တော်မြတ်၏ ဂုဏ်တော်တရားကို အခါမလပ် ဆင်ခြင်အောက်မေ့ပါလေ။ သို့မှသာလျှင် သင်သည် သေသည်၏ အခြားမဲ့၌ အလွန်ချမ်းသာသုခနှင့် ပြည့်စုံသော ဗြဟ္မာဘုံသို့ ရောက်မည်ဖြစ်၏။

ချစ်သား သင်သည် ဤအချက်(၇)ချက်ကို လိုက်နာကျင့်သုံးပါမည်ဟု ကတိပေးခဲ့လျှင် သင်သည် ရေဟူဒီလူမျိုးများအား မည်သည့်နည်းနှင့်မျှ မပြုပြင် မပြောင်းလဲနိုင်မှန်းကို သိလျက်နှင့် အခွင့်ပေးရချေမည်။ သင်သည် ဂွာသရေလလူမျိုးကိုများအား ပြုပြင်နိုင်သော်လည်း သူတို့သည် သူတို့၏ ဘုရားများကို အထင်အမြင်မှားကာ သင်ကွယ်လွန်ပြီးနောက် သင်ဟောပြောသည့် တရားထဲမှ–

(၁) ချစ်ခင်ကြင်နာခြင်း၊

(၂) ကရုဏာပွားများခြင်း၊

(၃)လေးစားခြင်း၊

(၄) ဥပေက္ခာပြုခြင်း၊

(၅) သည်းခံခြင်း၊

(၆) အပြစ်မှ ခွင့်လွှတ်ခြင်း၊

(၇) ကြိုးပမ်းအားထုတ်ခြင်းစသည့် အချက်အလက်တို့ကိုသာ ဆက်လက်ထိန်းသိမ်း၍ သင်၏နာမည်ဖြင့် ဘာသာအယူဝါဒတရပ်ကို ထူထောင်ကြလိမ့်မည်” ဟူ၍ အမိန့်ရှိကာ အရိယပုတ္တမထေရ်မြတ်ဟာ ဇီဝကိရိတအား ပြန်ခွင့်ပြုလိုက်တယ်၊ ဇီဝကိရိတကလည်း သေသည်အထိ လိုက်နာကျင့်သုံးပါမယ်လို့ ကတိကဝတ်ပြုကာ သူရဲ့နေရပ်ဌာနေသို့ ပြန်လာခဲ့တယ်။

အဲဒီနောက် ယုဒယာမြို့မှာ ခရစ်တော်ပထမဆုံး တရား ဟောတဲ့အခါမှာ တရားနာသူ တွေက ယေဟိုဝါဘုရားသခင်ရဲ့ တရားတော်တွေမဟုတ်ဘဲ ဗုဒ္ဓကိုယ်တော်မြတ် ဟောတဲ့ တရားသာဖြစ်တယ်ဆိုပြီး သူ့ကိုဝိုင်းပုတ်ခတ်ပြောဆိုကြတယ်။ ဂျေရုဆလင်နဲ့ ဘာသာလီ ဟန်မြို့တွေမှာ ဟောပြန်တော့လည်း ဒီအတိုင်းဘဲ ဖြစ်ရပြန်တယ် ၊သူဟောတဲ့တရားတွေဟာ ဘယ်လောက်ပဲကောင်းကောင်း လူတွေက တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ တိုက်ဖျက်ပြီး ပုတ်ခတ်ကြတယ်။ ဒီလို အဖြစ်အပျက်နဲ့ ရင်ဆိုင်ရတဲ့ ခရစ်တော်ဟာ

သူရဲ့ဆရာအရိယပုတ္တမထေရ် မှာလိုက်တဲ့ပရိယာယ်သုံးရမယ် ဆိုတဲ့ စကားကို အမှတ်ရပြီးသူဟောတဲ့တရားဟာ ယေဟိုးဝါ ဟောတဲ့တရားများဖြစ်ကြောင်း၊သူဟာ ယေဟိုးဝါရဲ့ သားတော်ဖြစ်ကြောင်းဖြင့် လှည်းစားပြီးပြောလိုက်သည်။ အမှန်တော့ သူဟာ ပရိယာယ်သုံး ရမယ်ဆိုတဲ့ စကားကို အဓိပ္ပါယ်ကောက်မှားပြီး ယခုလို လှည့်စားခြင်းဖြစ်တယ်။ အဲဒီလို လှည့်စားလိုက်တဲ့အတွက် ခရစ်တော်ဟာ လက်ဝါးတိုင်မှာကပ်ပြီး ရေဟိုဒီဘုန်းကြီးများ နဲ့ရောမ လူမျိုးတို့ရဲ့ သတ်ခြင်းကိုခံရတယ်။ခရစ်တော်ဟာ တန်ခိုး ပြာဋိဟာကို ပြနိုင်ပေမယ့် ရေဟိုဒီလူမျိုးများနဲ့ ရောမ လူမျိုးတို့ရဲ့နှိပ်စက်မှုတွေကို သေသည့်တိုင်အောင် ငြိမ်းချမ်းစွာနဲ့ ခံသွားရှာတယ်။သူဟာ သူ့ရဲ့ဆရာမှာလိုက်တဲ့ အတိုင်း မည်သည့်ရျာန်အဘိညာဉ်ကိုမျှ မသုံးဘဲ တကယ့် အာဇာနည် ပုဂ္ဂိုလ်ပီသစွာနဲ့သေခြင်းတရားကို ရင်ဆိုင်သွား ခဲ့တယ်။ ခရစ်တော်ဟာ ထာဝရဘုရားသခင်ရဲ့သားတော် မဟုတ်ပါ။ ဒါပေမယ့် သူက "ကျွန်ုပ်သည် ထာဝရဘုရားသခင် ယေဟိုးဝါ၏ သားတော်ဖြစ်သည်" ဆိုတဲ့ စကားကို ပြောပြီး

ရေဟူဒီလူ မျိုးတွေနဲ့ကုလသရေလလူမျိုးတွေကို သူ့တရားလိုက်နာကြပြီး သူ့နောက်သို့ လိုက်လာအောင် ပရိယာယ်သုံးခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ဆရာတော်က နိမိတ်ဖတ်လိုက်တဲ့အတိုင်းဘဲ သူ့ရဲ့နောက်လိုက်တွေက သူ့ရဲ့ဟောပြောချက်တွေကို တမျိုးတစ်ဖုံ သူတို့လို သလို သုံးစွဲကြပြီး ယေဟိုးဝါရော ခရစ်တော်ကိုပါ ကိုးကွယ်ဆည်းကပ်ကြသည်။

ခရစ်တော်က "ကျွန်ုပ်သည် ယေဟိုးဝါထာဝရဘုရားသခင်၏ ဓမ္မဟောင်းကို ပယ်ဖျက်ပြီး ဓမ္မသစ်ကို တည်ထွင်သည်၊ကျွန်ုပ်သည် ဘုရားတန်ဆောင်းဟောင်းကို ဖြိုဖျက်၍ဘုရားတန်ဆောင်သစ်ကို တည်ဆောက်သည်၊ ကျွန်ုပ်သည် အရေတော်ကို ဖြတ်လှီး၍ ဘာသာဝါဒအယူရေးရာအရကင်ပွန်းတပ်သည့် ထုံးတမ်းဓလေ့ကို တည်သွင်းသည်" ဟူသော ခရစ်တော်ရဲ့သုံးခွန်းသော စကားတို့ကို သူ့ရဲ့နောက်လိုက်များက မှားယွင်းတဲ့ အနက်အဓိပ္ပါယ်ဖြင့်ကောက်ယူသုံးစွဲကြတယ်။ထာဝရဘုရားသခင်တရားတော်တွေနဲ့ခရစ်တော်ဟောတဲ့ တရားတွေရဲ့ ခြားနားချက်တကယ်တမ်း စိစစ်ကြည့်တတ်ရင် ခရစ်တော်ဟာ ထာဝရ

ဘုရားသခင်ရဲ့ရန်သူ တစ်နည်းအားဖြင့် ဆန့်ကျင်သူ ဖြစ်နေကြောင်း လွယ်ကူစွာနဲ့သိနိုင်ပါတယ်။ မေ့ ဟောင်းကျမ်းစာထဲမှာ ထာဝရဘုရားသခင်က အာဗြဟမ် အား–“အကယ်၍ သင်၏မျက်လုံးကို တစ်စုံတစ်ယောက် သောသူက ထိုးဖောက်၍ ယူသွားခဲ့သော် ထိုသူ၏ မျက်လုံး ကိုလည်း သင်က ထိုးဖောက်၍ ယူပါလေ၊ အကယ်၍ တစ်စုံ တစ်ယောက်သောသူက သင်၏နှာခေါင်းကို လှီးဖြတ် ပစ်သည် ရှိသော် သင်သည်လည်း ထိုသူ၏ နှာခေါင်းကို ပြန်လည် လှီးဖြတ်ပစ်ပါလေ၊အကယ်၍ တစ်စုံတစ်ယောက် သောသူက သင်၏အသက်ကို သတ်ရန်ကြိုးပမ်းခဲ့သည်ရှိသော် သင်သည် လည်း ထိုသူ၏အသက်ကို သတ်ဖြတ်ပါလေ၊ငါကား ဒေါသ တရားဖြင့် ထုံအပ်သော ထာဝရဘုရားသခင် ဖြစ်ပေ ၏၊ငါသည် သင့်အား လက်စားချေခြင်းတရား အမြိုက်ဆေးကို တိုက်ကျွေး တော်မူ၏”ဟု အလေးအနက်ဟောပြောတော်မူခဲ့တယ်။ ဒါပေမယ့် ဂရုဏာတရား ပွားများတဲ့ ခရစ်တော်ကတော့ သတ္တဝါအပေါ်၌ ဂရုဏာတရား မေတ္တာတရား သည်းခံခြင်း တရားအပြည့်အဝနဲ့ နောက်လိုက်တွေကို သွန်သင်သည်က

"အကယ်၍ တစ်စုံတစ်ယောက်သောသူက သင်၏ခြုံစောင်ကို ယူသွားခဲ့သည်ရှိသော် ထိုသူအား သင်၏အင်္ကျီပါချွတ်၍ လှူဒါန်းပေးကမ်းပါလေ အကယ်၍ တစ်စုံတစ်ယောက်သောသူက သင်၏လက်ျာဘက်ပါးကို ရိုက်သည်ရှိသော် ထိုသူအား သင်၏လက်ဝဲဘက်ပါးကိုပါ ရိုက်ပါစေ၊ အစစအရာရာကို သည်းခံပါ။သည်းခံခြင်းသာလျှင် ကုသိုလ်တရားကို ပွားများစေနိုင်သည်၊သင်၏အိမ်နီးချင်းများကို သင့်ကိုယ်သင်ချစ်သကဲ့သို့ ချစ်ခင်ပါ၊ မည်သည့် သက်ရှိသတ္တဝါကိုမျှ အန္တရာယ်မပြုပါနှင့်" လို့ သူ့နောက်လိုက်တွေကို ဟောပြောသွန်သင်ခဲ့တယ်။

ထာဝရဘုရားသခင် ယေဟိုးဝါနဲ့ခရစ်တော်ဟောတဲ့ ဒီတရားနှစ်ခုဟာ တခုနဲ့တစ်ခု စပ်လို့မရအောင် ကွဲပြားခြားနားနေတာ တွေ့ရပါတယ်၊ဒါကြောင့် ခရစ်တော်ဟာ ယေဟိုးဝါရဲ့သားတော် မဟုတ်ဘဲ ယေဟိုးဝါရဲ့ရန်သူဖြစ်ကြောင်းကို အသိဉာဏ်ရှိသူတိုင်း အထင်အရှားနားလည်သဘောပေါက်နိုင်တယ်၊ ဒါကြောင့် ထာဝရဘုရားသခင်ရဲ့သားတော်ပါဆိုတဲ့ ပရိယာယ်နဲ့ခရစ်တော်ဟာ ထာဝရဘုရား

သခင်ရဲ့ ဓမ္မဟောင်းကို ချိုးဖောက်နိုင်ခဲ့တယ်၊ ယေဟိုးဝါရဲ့ ဘုရားတန်ဆောင်းကို ဖျက်ဆီးနိုင်ခဲ့တယ်၊ အရေအပြားကို လှီးဖြတ်ပြီး ဘာသာအယူဝါဒဆိုင်ရာ ကင်ပွန်းတပ်တဲ့ထုံးတမ်း ဓလေ့ကိုလည်းပယ်ဖျက်နိုင်ခဲ့တယ်။

## ခရစ်တော်ပြန်လည်ရှင်သန်လာခြင်းအကြောင်း

ခရစ်တော်သေပြီး တတိယမြောက်နေ့မှာ ပြန်လည် ရှင်သန်လာတယ်ဆိုတဲ့ အဖြစ်အပျက်လေးကတော့ ဦးနှောက်ကောင်းကောင်းနဲ့ ထိထွင်လိုက်တဲ့ ဇာတ်လမ်း တစ်ပုဒ်ဖြစ်တယ်၊ ဒီဇာတ်လမ်းကို တီထွင်သူကတော့ ပြည့်တန်ဆာလုပ်စားတဲ့ ပြစ်မှုနဲ့ ရေဟူဒီတရားခံရုံးက အမိန့်အရ ရေဟူဒီတွေက ခဲတွေနဲ့ဝိုင်းပေါက်ခြင်းခံရတဲ့ မေရီမက်(ဂ်)ဒါရီနာ ဆိုတဲ့ အမျိုးသမီးတယောက်ဖြစ်တယ်။

ယေဟိုးဝါသက္ကရာဇ်(၃၂၀၁)ခုနှစ်မှာ ရောမလူမျိုး ဘုရင်ခံ ပွန်တီယပ်(စ်)ပစ်လေးက ''ခရစ်တော်ကွယ်လွန်ခြင်း နှင့် လိမ်လည်လုပ်ကြံသော ပြန်လည်ရှင်သန်လာခြင်း'' ဟူသော စာတမ်းတစ်စောင်ကို ထုတ်ဝေခဲ့ပါတယ်။ ဒီစာတမ်း ကတော့-''ဘက်သလဟန်မြို့မှ မေရီ၏သား အင်နာယေရှု၏

မြေးသည် ဟေဟိုးဝါ၏ အယူဝါဒကို မထိမဲ့မြင် သေးသိမ်ယုတ်ညံ့အောင် ပြုလုပ်လျက်ရှိသည်ဟူသော ရေဟူဒီဘုန်းကြီးများ၏ တရားစွဲဆိုချက်အရ ရောမလူမျိုးတို့၏ဥပဒေအရ ၄င်းအား ရာဇဝတ်ကောင်များကို ကားတင်၍ ကွပ်မျက်နေကြ ဖြစ်သည့် ဆီးနိုင်တောင်ထိပ်ပေါ်မှလက်ဝါးကပ်တိုင်၌ ကားတင်၍ ကွပ်မျက်ပစ်လိုက်၏။ ထိုနောက် ခရစ်ယာန်ဘာသာဝင်တို့အား ခရစ်တော်၏ အလောင်းကို မည်သူမျှ တူးဖော်ရွှေ့ပြောင်းခြင်း မပြုရဟု အမိန့် ထုတ်ဆင့်ထားသော်လည်း ခရစ်ယာန်ဘာသာဝင်တို့က တူးဖော်ရွှေ့ပြောင်းပစ်ကြလိမ့်မည် ဟူသော ကောလဟာလသတင်း ဖြစ်ပွားနေသဖြင့် သူ၏အလောင်းကို ကျောက်ဂူထဲတွင်မြှပ်ပြီး အလွန်ကြီးမားသော ကျောက်တုံးကြီးများကိုတင်ထားလေ၏။

၄င်းပြင်ရောမစစ်သည်တော်(၅၀)ကို အစောင့်ချထားလေ၏၊ ခရစ်တော်သည် တန်ခိုးပြာဋိဟာတို့ကို ပြနိုင်သူဖြစ်ရကား။ ရောမလူမျိုးဘုရင်သည်သူ တန်ပြန်၍ ရှင်လာမည်ကို စိုးရိမ်လှသဖြင့် အစောင့်စစ်သားများအား အထူးဂရုစိုက်စောင့်ကြပ်ရန် အမိန့်ထုတ်လေ၏၊ ခရစ်တော်အသတ်

ခံရပြီး ဒုတိယည၌မေရီမတ်(ဂ်)ဒါလီနာသည် ကချေသည် အဝတ်တို့ကို ဝတ်ဆင်ပြီး ဆေးစပ်ထားသည့် အရက်နီကို ဖန်တင်ါင်းတစ်ခုတွင်ထည့်ကာ ခရစ်တော်မြုပ်ရာ ကျောက်ဂူ အနီးသို့ ချည်းကပ်လေ၏။ရောမစစ်သည်တော်တို့က မက်(ဂ်)ဒါ လီနာသည် ခရစ်တော်အား ကြည်ညိုသူတစ်ယောက် ဖြစ် သည့် အကြောင်းကိုငှင်း ခရစ်တော်၏ အလောင်းကို လာရောက်၍ ယူရန်လာသည့် သူ၏အကြောင်းကိုငှင်း မသိကြသောကြောင့် သူအား သူတို့ရှေ့တွင် ကခုန် သီဆိုခွင့်ပြုထားမိကြ၏။သူသည် ဆိုရကရ၍ မော လာသောအခါ အရက်ဖန်တင်ါင်းကို ဖွင့်၍ သောက် ဟန်ပြုလေ၏။သဘာဝအလျောက်အရက်ကို တပ်မက်ကြ သည့် စစ်သည်တော်တို့သည်မက်(ဂ်)ဒါလီနာက သူတို့အား အရက်တင်ါင်းကိုပေးလျှင် အားရပါးရ သောက်ကြလေ၏။ စစ်သည်တော်တိုင်း အလွန်ပြင်းထန်သည့် ဆေးများကို ခပ်ထားသည့်မက်(ဂ်)ဒါလီနာ၏ အရက်ကို တဖန်ခွက်ဆီ သောက်ကြ၏ မိနစ်အနည်းငယ်ကြာသောအခါ ဆေးစပ်ထား သည့် အရက်တန်ခိုးကြောင့် နှစ်နှစ်ခြိုက်ခြိုက်ကြီးအိပ်ပျော်

ကြရာ(၃)ရက်ကြာမှ နိုးကြ၏ ရောမစစ်သည်တော်များ အိပ်ပျော်နေစဉ်အတွင်း မေရီမက်(ဂ်)ဒါလီနာသည် ခရစ်ယာန်ဘာသာဝင်တို့ကိုစုကာ ခရစ်တော်၏အလောင်းမြှုပ်နှံထားသည့် ဂူပေါ်မှ ကျောက်စိုင်ကျောက်တုံးကြီးများကို ဖယ်ရှားပစ်ကြ၍ အလောင်းကို တူးဖော်ယူကြကာ အစိုးရအာဏာပိုင်များ မသိသည့်နေရာသို့ တိတ်တဆိတ် ပြောင်းရွှေ့မြှုပ်နှံလိုက်၏။

နောက်နေ့ နံနက်စောစောအချိန်တွင် မေရီမက်(ဂ်)ဒါလီနာသည် နန်းတော် တရားလွှတ်တော်ဈေးနှင့် ဇာတ်ရုံဆီသို့သွားရာ လမ်းလေးခွ၌ ခရစ်ယာန်ဘာသာဝင်များစွာကို စုရုံးပြီး ''အို ကျွန်ုပ်တို့၏ ယေရှုသခင်အား သက်ဝင်ယုံကြည်ကြသူ အချင်းတို့ ကြည့်ကြကုန်လော ယေရှုကိုယ်တော်မြတ်၏ ကျက်သရေလှစွာရှိသော ရုပ်သဏ္ဌာန်တော်ကို ဖူးမျှော်ကြလော့။ ကိုယ်တော်မြတ်အား ကောင်းကင်ဘုံနန်းသို့ ကြွမြန်းတော်မူလျက်ရှိသည်ကို ကြည့်ကြကုန်လော့''ဟု ဟစ်အော် ကြွေးကြော်ကြလေသည်။

ရေဟူဒီများ၊ ရောမလူမျိုးများနှင့် အခြားဘာသာများကို သက်ဝင်ယုံကြည်ကြသူတို့က–''သင်၏ခရစ်တော်ကား

အဘာယ်မှာနည်း။ ခရစ်တော်သည် ကြွမြန်လျက်ရှိသည်ဟု သင်တို့က မည်မျှပင် မည်မျှပင်ဟစ်အော်ကြွားဝါနေသော်လည်း ငါတို့သည် မမြင်ချေတကား၊ သင်တို့သည် လိမ်လည်နေခြင်း သာ ဖြစ်၏" ဟုပြန်၍ ပြောကြ၏။

ထိုအခါ မေရီမက်(ဂ်)ဒါလီက–"ခရစ်တော်အား ယုံကြည် ကိုးကွယ်၍ အရေပြားကို ဖြတ်သည့် ထုံးတမ်းဓလေ့ကို မလိုက်နာမကျင့်သုံးသူတို့သာလျှင် ခရစ်တော် ကောင်းကင် ဘုံနန်းသို့ ကြွမြန်းတော်မူသည်ကို မြင်ကြရချေမည်။ သခင်ယေရှုကိုယ်တော်မြတ်ကို သက်ဝင်ယုံကြည့်မှုမရှိဘဲ သတ်ဖြတ်လုပ်ကြံကြသည့်သင်တို့တိတ္ထိများကား ခရစ်တော်ကို မြင်ကြရမည်မဟုတ်ချေ။ သင်တို့အကယ်၍ မယုံကြည်က ဆီနိုင်တောင်ထိပ်ပေါ်သို့တက်၍ ကြည့်ကြလော့။ ထာဝရ ဘုရားသခင်၏ တမန်တော်ကသူ၏ဂူပေါ်တွင် တင်ထားသည့် ရာပေါင်းများစွာသော ကျောက်တုံးကြီးကိုရွှေ့ပြီးလျှင် အစိတ်စိတ် အမွှာမွှာ ခွဲပစ်သည်ကို တွေ့ကြရမည်။ထိုပြင် ရောမစစ်သည်တော်(၅၀)ကို တမန်တော်က မှူးမေ့နေအောင် ရိုက်နက်ထုထောင်းထားသည်ကိုလည်း ကြည့်ကြဦးလော့"

ဟု ဆိုပြန်၏။ ခရစ်ယာန်ဘာသာဝင်တို့က မည်မျှပင်ဟစ်အော် ကြွေးကြော်နေကြသော်လည်း ခရစ်တော်ကောင်းကင်ဘုံ နန်းသို့ ကြွမြန်းသည်ကို မမြင်ရသည့်အစိုးရအဖွဲ့ အာဏာ ပိုင်များ ရေဟူဒီလူမျိုးများနှင့် ရောမလူမျိုးတို့သည် ဆီနိုင်တောင်ထိပ်ပေါ်သို့ တက်ကြည့်ကြရာ ခရစ်တော် ဂူတော်ပေါ်တွင် တင်ထားသည့်ကျောက်တုံးကြီးနှင့် ခရစ်တော် အလောင်းကို မတွေ့ရတော့ချေ။ ထိုပြင် ရောမစစ်သည် တော် တို့ မူးမေ့နေသည်ကို တွေ့ကြရလေသည်။ အဖြစ် အပျက်ကို ဘာတစ်ခုမျှ မသိလိုက်ကြသော ရောမစစ်သည် တော်တို့အား ရောမအာဏာပိုင်တို့က ထောင်ထဲသို့ ပို့ကြ၏။ သို့ရာတွင် တတိယနေ့၌ ရောမစစ်သည်တော်တို့သည် သတိရလာကြ၍ မေရီမက်(ဂ်)ဒါလီနာက သူတို့ကို အကအဆိုဖြင့် ဖျော်ဖြေပြီး နောက် ဆေးစပ်ထားသည့်အရက်ကိုတိုက်ကြောင်း ထို့နောက် သူတို့ သတိလစ်သွားကြကြောင်း ပြန်ဖြေကြကုန်၏။ဤကဲ့သို့ အဖြစ်အပျက်မှန်ကို သိကြသောအခါ ရောမအာဏာ ပိုင်တို့ သည် မေရီမက်(ဂ်)ဒါလီနာနှင့်တကွ ခရစ်ယာန်ဘာသာဝင် ရေဟူဒီများနှင့် ဣသရေလူမျိုးပေါင်း(၁၀၀၀)ကျော်တို့ကို ဖမ်း

ရှင်ဟဒယဒီပ(လှိုင်းဘွဲ့)
ဆီး၍ခေါင်းဖြတ်ပစ်လိုက်ကြလေသည်။

## ခရစ်ယာန်ဘာသာ၏အခြေခံယုံကြည်ချက်

ကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါအားလုံးကို ယေဟိုးဝါ(ယေဟောဝါ)ထာဝရဘုရား သခင်က ဖန်ဆင်းသည်။ ထာဝရဘုရားသခင်သည် တစ်ဆူသောဘုရားဖြစ်သည်။ ခမည်းတော်ဘုရား သားတော်ယေရှုခရစ်တော်ဘုရားအပြင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားရှိသည်။ခမည်းတော် သားတော် နှင့်သန့်ရှင်းသောဝိညာဉ်တော်ဟု သုံးမျိုးကွဲပြားသော်လည်း တစ်ဆူသောဘုရားသခင်သာ ဖြစ်၏ဟုယုံကြည်ကြလေသည်။

ခရစ်တော်သည် လက်ဝါးကပ်တိုင်၌ အသေသတ်ခြင်းကို ခံရပြီးနောက် ၃-ရက်မြောက်သောနေ့၌ ရှင်သန်ထမြောက်လာသည်။ကောင်းမှုမှန်သမျှ လိုက်လံနှောင့်ယှက်သော စာတန်မာရ်နတ်ရှိသည်။တရားဆုံးဖြတ်သောနေ့တွင် ဘုရား သခင်က အပြစ်ရှိသော သူများကို ငရဲခံစေပြီးလျှင် အပြစ်ကင်းသူများကို ကောင်းကင်ဘုံသို့ဝင်စားစေမည်ဟုယုံ ကြည်ကြသည်။

ခရစ်ယာန်တို့သည် ယေရှုခရစ်တော်မပေါ်မီ အချိန်၌ ဂျူးဘာသာကို ယုံကြည်ကြလေသည်။ ဟီဗရူးတို့၏ တစ်ဆူတည်းသော ယေဟိုးဝါ (ယေဟောဝါ) ထာဝရဘုရား သခင်ကို ယုံကြည်ကြရာ ဘီစီ၁၄ရာစုတွင် တမန်တော်မောရှေ (မိုးဇက်) ပြဌာန်းသော ပညတ်တော် ၁၀–ပါးကို လက်ခံယုံကြည်ကြသည်။

## ပညတ်တော် ၁၀–ပါးမှာ–

၁။ ထာဝရဘုရားသခင်မှတစ်ပါး အခြားဘုရားကို မကိုးကွယ်ရ၊ ရုပ်ထု ဆင်တု ထုလုပ်၍ မကိုးကွယ်ရ။

၂။ ထာဝရဘုရား၏အမည်ကို မုသားနှင့်စပ်လျဉ်း၍မမြွက်ဆိုရ။

၃။ ဥပုသ်နေ့တွင် အလုပ်မလုပ်ရ။ မိဘကို ရိုသေကိုင်းရှိုင်းရမည်။

၄။ သူတစ်ပါး၏အသက်ကို မသတ်ရ။

၅။ သူတစ်ပါး၏မယားကို မပြစ်မှားရ။

၇။ သူတစ်ပါး၏ဥစ္စာကို မခိုးရ။

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

၈။ မိမိနှင့်နီးစပ်သူ အိမ်နီးနားခြင်းများကို ဆန့်ကျင်၍ မတရားသက်သေထွက်ဆိုခြင်း မပြုရ။

၉။ မိမိနှင့်နီးစပ်သူ အိမ်နီးနားခြင်းများတို့၏ သားမယားကို လိုချင်တပ်မက်မှုမရှိရ။

၁၀။ မိမိနှင့်နီးစပ်သူ အိမ်နီးနားခြင်းများတို့၏ ပစ္စည်းဥစ္စာတို့ကို တပ်မက်မှုမရှိစေရတို့ဖြစ်သည်။

ခရစ်ယာန်ဘာသာအကြောင်းသိမှတ်စရာ
ပြီး၏။

## အစ္စလာမ်(မဟာမေဒင်)ဘာသာ

အစ္စလာမ်(မဟာမေဒင်)ဘာသာသည် ခရစ်နှစ် ၆၂၂-ခုတွင်စတင်၍အာရေဗျနိုင်ငံ၊ မက္ကာမြို့တွင် စတင် ပေါ်ပေါက်လာခဲ့သောဘာသာဖြစ်သည်။ အစ္စလာမ်ဘာသာဝင် တို့၏နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ ပရဒိသုခ(ပရ(စ်)ထား)ဘုံသည် ခရစ်ယာန်ဘာသာဝင်တို့၏ ကောင်းကင်ဘုံသာဖြစ်၏။ ယေဟိုးဒီတို့ ခရစ်ယာန်ဘာသာဝင်တို့ အစ္စလာမ်(မဟာမေဒင်)ဘာသာဝင်တို့ဆိုတာ အတူတူဘဲ။ အစ္စလာမ်(မဟာမေဒင်)ဘာသာကို စတင်ခဲ့သူဟာ အစ္စလာမ်ဘာသာရဲ့ နောက်ဆုံးတမန်တော်ဖြစ်တဲ့ မိုဟာမက်(မဟာမက်)က စတင်ခဲ့ခြင်းဖြစ်တယ်။ မဟာမေဒင်ဘာသာအယူဝါဒကို စတင်ခဲ့တဲ့ မိုဟာမက်က ယေရှုခရစ်တော်ဟာ ထာဝရဘုရားသခင်ရဲ့ သားတော် မဟုတ်ဘူး၊ သူ့လိုဘဲ အလ္လာဟ်ကိုယ်တော်မြတ်က ဆင်းသက်လာတယ်လို့ဆိုတယ်။ ဘုရားများဖြစ်တဲ့ အာဗြဟံ၊ မိုးဆက်၊ ယေရှုခရစ်တို့ဟာ မဟာမေဒင်ဘာသာဝင်တို့ရဲ့ အလ္လာဟ်ကိုယ်တော်မြတ် သို့မဟုတ် ရေဟိုဒီတို့ရဲ့ ယေဟိုးဝါဘုရား သို့မဟုတ် ခရစ်ယာန်ဘာသာဝင်တို့ရဲ့ အနန္တတန်ခိုး

တော်ရှင် ထာဝရဘုရားသခင် ဖြစ်တယ်လို့ဆိုတယ်။ဒါကြောင့်မို့ အစ္စလာဟ်(မဟာမေဒင်)ဘာသာ ဘုရားဟာ ခုနကဆိုခဲ့ပြီးတဲ့ ခရစ်ယာန်ဘာသာတို့ရဲ့ဘုရားနဲ့ အတူသာဖြစ်တယ်။

အစ္စလာဟ်ဘာသာဝင်တို့အနေနဲ့ ယူဆတာကတော့ အဲဒီလိုမဟုတ်ပါဘူး။ဘယ်လိုယူဆကြသလဲ ဆိုတော့ ကိုအန်ရ် ကျမ်းမှာတော့ သူတို့ရဲ့ဘုရားသမိုင်းမပါဘူး၊ဒါပေမယ့် သူတို့ရဲ့ထာဝရဘုရားသခင်ဟာ အဖေ အမေမရှိ သူ့အလိုလို ဖြစ်ပေါ်လာတဲ့ ဘုရား၊ အလ္လာဟ်အရှင်မြတ်ဟာ လူသားတွေကို ဖန်ဆင်းတော်မူတယ်၊ ကြယ်နှင့်လကိုလည်း ဖန်ဆင်းတော်မူတယ်လို့ ယူဆကြတယ်။

အစ္စလာဟ်ဘာသာကို မိုဟာမက်ပြန်လည်ထူထောင်တဲ့ ဘာသာတစ်ခုဖြစ်တယ်၊နောက်ပြီး အစ္စလာဟ်ဘာသာဟာ ခရစ်ယာန်၊ ဂျူးဘာသာကတစ်ဆင့် ပေါက်ဖွားလာတဲ့ ဘာသာတစ်ခုဟု ဆိုနိုင်သည်။

ခရစ်နှစ် ၆၃၁-ခု မိုဟာမက်ကွယ်လွန်သော အခါ တပည့်ဖြစ်တဲ့ အဘူဘေကာက မိုဟာမက်၏ ပြောကြားချက်ကို စုစည်း၍ ဘာသာရေးကျမ်းစာ

အပြစ်ပြန်လှည့် ပြုစုခဲ့လေသည်။ ၎င်းကျမ်းကို ကိုရ်အာန်ကျမ်း ဟု ခေါ်သည်။

## မူစလင်နှင့် အီမန်ယုံကြည်မှု

အီမန်ယုံကြည်မှုမရှိလျှင် မူဆလင်ဟု မခေါ်ပေ။ မူဆလင် တစ်ဦးသည် အီမန်ယုံကြည်မှုရှိရမည် အီမန်ယုံကြည်မှု ဆိုသည်မှာ-

၁။ ကမ္ဘာကိုဖန်ဆင်းအုပ်စိုးသောအလ္လာဟ်အရှင်မြတ်ကို ယုံကြည်ရမည်။

၂။ အလ္လာဟ်၏အမိန့်အတိုင်း ဆောင်ရွက်ရသော ကောင်းကင်တမန်များကို ယုံကြည်ရမည်။

၃။တမန်တော်ကြီး တမန်တော်ကလေးများကို ယုံကြည်ရမည်။ တမန်တော်ကြီးများမှာ အာဒမ်၊ နောဧ၊ အေဗရာဟင်၊ မိုဆက်၊ ယေရှုတို့ဖြစ်ကြသည်။ မိုဟာမက်သည် နောက်ဆုံး တမန်တော်ဖြစ်သည်။

၄။ အလ္လာဟ်အရှင်မြတ်၏ ကျမ်းစာများကို ယုံကြည်ရမည်။

၅။ တမလွန်ဘဝကို ယုံကြည်ရမည်။

**ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)**

၆။တလောကလုံး ဖြစ်ပျက်သမျှ(ကောင်းမှု မကောင်းမှု)တို့သည် အလ္လာဟ်အရှင်မြတ်၏ အလိုတော် အတိုင်းသာ ဖြစ်ပျက်နေခြင်း ဖြစ်သည်ဟုယုံကြည်ရမည်။

၇။တရားဆုံးဖြတ်မည့်နေကို ယုံကြည်ရမည်။ တရားဆုံးဖြတ်မည့်နေ့တွင် လူတွေအားလုံး သေရမှ ပြန်ရှင်လာကြပြီး အလ္လာဟ်အရှင်အထံ၌ တရားဆုံးဖြတ် ခံရမည်ကို ယုံကြည်ရမည်။

**ကိုရ်အန်ကျင့်စဉ်**

၁။အလ္လာဟ်အရှင်မြတ်သည် တဆူတည်းသော ဘုရားသခင်ဖြစ်သည်။မိုဟာမက်သည် အကြီးမြတ်ဆုံးသော တမန်တော်ဖြစ်သည်။အလ္လာဟ်မှတစ်ပါ ကိုးကွယ်ဆည်းကပ် ထိုက်သူ မရှိဟုယုံကြည်ရမည်။

၂။တနေ့လျှင် ၅-ကြိမ် ဘုရားဝတ်ပြုရမည်။

၃။ဇကာက်ခေါ် ဆင်းရဲသားများအား ကျွေးမွေး ပေးကမ်းရမည်။

၄။ရမ်မဇမ်လ၌ ဥပုသ်စောင့်ရမည်။

မှတ်ချက်။ ။ မူစလင်ပြက္ခဒိန်နှစ်အရ (၉)လမြောက်

ဖြစ်သောလကို ရမ်မဇမ်လအဖြစ် သတ်မှတ်ကြသည်။ ရမ်မဇမ်လအတွင်း နေထွက်ချိန်မှနေဝင်ချိန်အထိ အစာစားခြင်း ရေသောက်ခြင်း ဆေးလိပ်သောက်ခြင်း ကာမဂုဏ်ခံစားခြင်းတို့မှ ရှောင်ကြဉ်ကြသည်ဟုဆိုသည်။

၅။ ငွေကြေးတတ်နိုင်သူများ တစ်သက်တာတွင် အနည်းဆုံးတစ်ကြိမ် ဆော်ဒီ အရေဗျနိုင်ငံ မက္ကာမြို့ စာဂျ်အိမ်တော်သို့ ဘုရားဖူးသွားရမည်။

မှတ်ချက်။ ။ ထိုသို့သွားခြင်းကို ဟာ့ဂျ်သွားသည်ဟုခေါ်ကြသည်။

**အစ္စလာမ်ဘာသာအကြောင်းသိမှတ်စရာပြီး၏။**

# ဟိန္ဒူဘာသာ

ဟိန္ဒူဘာသာသည် ဗုဒ္ဓမပွင့်ပေါ်မီ နှစ်ပေါင်း (၂၅၀၀) ကျော်လောက်က ပေါ်ပေါက်သောဘာသာဖြစ်သည်။

မှတ်ချက်။ ။ ခရစ်မပေါ်မီ နှစ်ပေါင်း(၁၅၀၀)ခန့်က ပေါ်ပေါက်လာသည်ဟုလည်းဆိုသည်။

ဟိန္ဒူဘာသာတို့ရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ ဗြဟ္မာ၏ ဝိညာဉ်နှင့်ပူးပေါင်းခြင်း(မုတ္တိ) တရားဆိုတာ အရင်မရှိခဲ့ဘူး၊ ရစ်ဂ်ဝေဒထဲမှာ တရိစ္ဆာန်တွေ၊လူတွေကို ယဇ်ပူဇော်ပသခြင်း ဆိုင်ရာ ဓမ္မသီချင်းတွေသာပါတယ်။ အတ္တာရဝေဒကျမ်းထဲမှာ ဆိုရင် ယဇ်ပူဇော်ပသနည်းထုံး နိသျှတွေသာပါတယ်။ သာမ ဝေဒထဲမှာဆိုရင် သိကြာ(အင်ဝရာ) မီးနတ်သား(အဂ္ဂနိ) လေနတ်သား(ဝရုနိ)တို့ကို ပူဇော်ပသတဲ့အခါ သီဆိုကြမယ့် သီချင်းတွေသာပါတယ်။ဗြဟ္မာ၏ဝိညာဉ်နှင့်ပူပေါင်းခြင်း(မုတ္တိ)နဲ့ ပတ်သက်တဲ့တရားဆိုလို့မပါခဲ့ပါ။

ဗြဟ္မာ၏ဝိညာဉ်နှင့်ပူးပေါင်းခြင်း(မုတ္တိ)တရားတွေဟာ နောက်ကျမှ ပေါ်လာတဲ့ ဗြဟ္မာဏလမ်းစဉ်တရားကျမ်း၊ ဥပနိသာဒကျမ်း၊သတပထဗြဟ္မာဏကျမ်း၊စတဲ့ကျမ်းသုံးကျမ်း

က ဖော်ထုတ်လာခဲ့ခြင်းဖြစ်တယ်။

ဗြဟ္မဏလမ်းစဉ်ကျမ်းထဲမှာ ပဇာပတိနတ်မင်းကြီးဟာ ပထမရှေ့ဦးစွာ အချိန်ကာလကြာမြင့်အောင် တစ်ပါးတည်း ပေါ်ပေါက်ပြီးနေထိုင်ခဲ့တယ်။ ဒီလိုနဲ့တစ်နေ့တော့ သူ့ကိုယ်ခွဲ ဖြစ်တဲ့ ပထမဆုံး ဗြဟ္မာကို ဖန်ဆင်းခဲ့တယ်၊ ပဇာပတိနတ် မင်းကြီးဟာ သူကိုယ်တိုင်သေမျိုးထဲပါဝင်သော်လည်း ပထမ ဦးဆုံး ဗြဟ္မာကတော သေမျိုးထဲမပါဘူး၊ ဖန်ဆင်းခံရတဲ့ ဗြဟ္မာကိုယ်ထဲက မီးပွားလေးတွေ ထွက်ပြီးတော့ အဲဒီမီးပွား လေးတွေက လူသားတွေ၊ နတ်တွေ၊ တိရစ္ဆာန်တွေနဲ့ အခြားသတ္တဝါတွေရဲ့ ခန္ဓာထဲမှာဝင်သွားကြသည်ဟု ဆိုသည်။ အဲဒီ မီးပွားလေးတွေကို အတ္တလို့ခေါ်ကြတယ်။ပထမဆုံး မီးပွားကိုတော့ ပရမတ္တမ လို့ခေါ်လေသည်။အတ္တတွေ တစ်ခုနဲ့တစ်ခု ပူးပေါင်းပြီး အကုသိုလ်အမှုကို ပြုကြသည်ဟု ဆိုသည်၊ အဲဒီမကောင်းမှုတွေပြုရာမှ တိရစ္ဆာန်တွေ၊ ဘီလူးတွေ၊ဂန္ဓဗ္ဗတွေ၊ငှက်တွေ၊မြွေတွေ၊ ခြေနှစ်ချောင်း၊ ခြေလေးချောင်းစတဲ့ သတ္တဝါတွေ ငရဲပြည်မှာ ခံစားနေတဲ့ ငရဲသားတွေ ဖြစ်ကြလေသည်။

ရှင်ဟဒယဒီပ(လှိုင်းဘွဲ့)

အဲဒီနောက် ကောင်းမှုကုသိုလ်တွေကို ပြုကြပြန်တော့ လူတွေ၊နတ်တွေ ဖြစ်လာကြသည်ဟုဆိုသည်။နောက်ဆုံး သူတို့ဟာ မကောင်းမှုအကုသိုလ်တွေ ကင်းစင်ပြီး ပထမဦးဆုံး ဖန်ဆင်းခံရတဲ့ ဗြဟ္မာကြီးထံ ကပ်နေတဲ့ မီးပွားလေးတွေဟာ ပြန်ဝင်နိုင်ကြ သည်။အဲဒီလို ပြန်ဝင်ပြီးရင် နောက်ဘာမျှ ပြန်မဖြစ်တော့ဟုဆိုသည်။ဒါဟာ ဟိန္ဒူဘာသာဝင်တို့ရဲ့ မုတ္တိဖြစ်သည်။

ဥပနိသာယကျမ်းထဲမှာကတော့ ဖန်ဆင်းရှင် တစ်ဦးတည်း ဖြစ်နေတဲ့ ပဇာပတိနတ်မင်းကြီးက ပထမဦး ဆုံး ဇီဝ(အသက်)ကို ဖန်ဆင်းလေသည်။ အဲဒီနောက် အတ္တဆိုတဲ့ ပထမဦးဆုံး ဖန်ဆင်းလိုက်တဲ့ ဗြဟ္မာဟာ အလွန် ကျယ်ပြန့်တဲ့ မဟာပထဝီမြေကြီးနဲ့တူပြီး အတ္တဟာ ကမ္ဘာ မြေကြီးရဲ့ အနှစ်သာရနှင့် တူသည်။ အဲဒီနောက် အကုသိုလ် အမှုကို ပြုကြသည်ဟု ဆိုသည်၊အဲဒီမကောင်းမှုတွေပြုရာမှ ဇာ၊ရွှ ခြာနွ်တွေ၊ဘီလူးတွေ၊ဂန္ဓဗ္ဗတွေ၊ငှက်တွေ၊မြွေတွေ၊ ခြေနှစ် ချောင်း၊ ခြေလေးချောင်းစတဲ့ သတ္တဝါတွေ ငရဲပြည်မှာ ခံစား နေတဲ့ ငရဲသားတွေ ဖြစ်ကြလေသည်။အဲဒီနောက် ကောင်းမှု

ကုသိုလ်တွေကို ပြုကြပြန်တော့ လူတွေ၊နတ်တွေ ဖြစ်လာကြသည်ဟုဆိုသည်။နောက်ဆုံးသူတို့ဟာ မကောင်းမှုအကုသိုလ်တွေ ကင်းစင်ပြီး လွတ်မြောက်ခြင်း ရသည်ဟုဆိုကြလေသည်။

သတပထဗြဟ္မဏကျမ်းထဲမှာကျတော့ ဖန်ဆင်းရှင်ဗြဟ္မဏက ကမ္ဘာလောကကြီးကို ဖန်ဆင်းပြီးနောက် ငါဟာဒီကမ္ဘာလောကကြီးထဲကို ဘယ်လိုလုပ်ပြီး ဆင်းရမလဲဆိုတဲ့အတွေးတွေနဲ့စဥ်းစားပြီးနောက်ပိုင်းမှာ နာမရူပဆိုတဲ့ တရားနှစ်ပါးရဲ့ အကူအညီနဲ့ဆင်းလာခဲ့တယ်။

ဒီနာမရူပဆိုတဲ့ တရားနှစ်ပါးဟာ ဖန်ဆင်းရှင် ဗြဟ္မာကြီးရဲ့ အင်အားစု ဖြစ်တယ်။ဒီဗြဟ္မာကြီးရဲ့အင်အားစုနှစ်ရပ်ဖြစ်တဲ့ နာမရူပသဘောကို တကယ်တမ်း သိနားလည်တဲ့သူဟာ တန်ခိုးအာဏာကြီးတယ်။နောက်ဆုံး ဖန်ဆင်းရှင်ဗြဟ္မာကြီးနဲ့ ပူပေါင်းမိပြီး ပဋိသန္ဓေနေရခြင်း အသက်ရှင်နေရခြင်း သေခြင်းဆိုတဲ့တရားတွေ ချုပ်ငြိမ်းရာ မုတ္တိကို ရောက်ရလေသည်။တန်ခိုးတော်ဗြဟ္မဏက ဘယ်တော့မှ မသေကြေမပျက်စီးတဲ့ အတ္တကို ဖန်ဆင်းတယ်၊ဒါပေမယ့် ဒီအတ္တတွေဟာ

မကောင်းမှုအကုသိုလ်ကံနဲ့ရောယှက်ပြီးတော့ မသန့်ရှင်း မစင်ကြယ်ဘဲ ဖြစ်လာရတယ်။

ဒီလိုမသန့်ရှင်းမစင်ကြယ်ရာကနေပြီးတော့ ဘဝ သံသရာအတွင်းမှာ ရောက်လည်ရတယ်၊အဲဒီလည်ရာမှ တဖန် အညစ်အကြေးဆိုလို့ ဘာမျှမရှိတော့အောင် သန့်ရှင်းစင်ကြယ် ကာ အတ္တဟာ ပရမတ္တမသို့မဟုတ် ဖန်ဆင်းရှင်ဗြဟ္မာကြီးနဲ့ ပူးပေါင်းကြလေသည်။ အဲဒါမုတ္တိလို့ခေါ်တယ်။

**ဟိန္ဒူဘာသာတို့၏အခြေခံယုံကြည်ချက်**

ဟိန္ဒူဘာသာဝင်တို့၏အမြတ်ဆုံးသော ဘုရားသည် တ္တသွာရမည်သော ထာဝရဘုရား ဖြစ်သည်။ စကြာဝဠာနှင့် သတ္တာလောကကို ဖန်ဆင်းပြီးနောက် ကမ္ဘာလောကကြီးကို ကိုယ်ပွားသုံးဦးထံ တာဝန်နှင့်တကွအပ်နှံထားသည်။

၁။ ဗြဟ္မာက ကမ္ဘာလောကနှင့် သတ္တဝါကို ဖန်ဆင်း သည်။ (ကြင်ယာတော် = သူရဿတီမယ်တော်၊ စီတော် ယာဉ် = ဘဲငန်းဟင်္သာ)

၂။ ဗိဿနိုက ကာကွယ်စောင်ရှောက်သည်။

(ကြင်ယာတော် = လက္ခ္ဗမီး၊ စီးတော်ယာဉ် = ဂဠုန်ငှက်)

၃။သီဝ(ရှိဝ၊သျှိဗား)က ဆိုးရွာသူများကို ဆုံးမသည်။ နောက်ယှက်ဖျက်ဆီးသူများကို နှိမ်နင်းသည်ဟု ယုံကြည်ကြသည်။

(ကြွင်ယာတော်=နူရကာ(ကာရီ)(ပါရဝတီ)၊စီးတော်ယာဉ်= နွားလား ဥသဘ)

**တိန္ဒူဘာသာအကြောင်း သိမှတ်စရာပြီး၏။**

**ကျမ်းကိုး**

**ဗုဒ္ဓဝါဒပြဿနာများ**

**နှင့်**

**သာသနာ့တက္ကသိုလ်**

**ဝင်ခွင့်အကြောင်း**

**တစေ့တစောင်းစာအုပ်မှ**

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

## ဗုဒ္ဓဝင် အကျဉ်းချုပ်

၁။ ဗျာဒိတ်ခံယူသောဘဝ - သုမေဓာရသေ့ဘဝ

၂။ ဗျာဒိတ်ပေးသောဘုရား- ဒီပင်္ကရာ မြတ်စွာဘုရားမှ ကဿပဘုရားရှင်အထိ (၂၄) ဆူ

၃။ ပါရမီဖြည့်ဖက်- ဗျာဒိတ်ခံစဉ်- သုမိတ္တာ (ယသော်ဓရာအလောင်း)

၄။ ပါရမီဖြည့်ရာကာလ- လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း

၅။ ပါရမီဖြည့်ခြင်း၏ရည်ရွယ်ချက်-သတ္တဝါများအား အကျိုးဆောင်ရန်

၆။ ပဋိသန္ဓေမယူမီဘဝ- သေကကေတုမည်သော နတ်သား

၇။ ဘုရားဖြစ်ရန်လျှောက်ထားသူ-နတ် ဗြဟ္မာများ

၈။ ကြည့်ခြင်းငါးပါး- ကာလ၊ ဒီပ၊ ဒေသ၊ကုလ၊ မာတုအာယု၊

၉။ နေပြည်တော်- ကပိလဝတ်(သက္ကတတိုင်း- မဇ္ဈိမဒေသ)

၁၀။ မိဘအမည်–သုဒ္ဓေါဓနမင်း မာယာဒေဝီမိဘုရား၊

၁၁။ မိထွေးတော်–မဟာပဇာပတိ ဂေါတမီ၊

၁၂။ သန္ဓေယူသောနေ့–မဟာသက္ကရာဇ်– ၆၇ ဝါဆိုလပြည့် ကြာသပတေးနေ့၊

၁၃။ ဖွားမြင်သောနေ့–မဟာသက္ကရာဇ် ၃၈ ကဆုန်လပြည့် သောကြာနေ့၊

၁၄။ ဖွားမြင်ရာဌာန–လုမ္ဗိနီဥယျာဉ် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်ကြား၊

၁၅။ဖွားတော်ဖက် – ၁–ညီတော်အာနန္ဒာ ၂–ဗောဓိပင် ၃–ကာဠုဒါယီအမတ် ၄–ဆန္နအမတ် ၅–ယသော်ဓရာမိဘုရား ၆–ရွှေအိုးကြီးလေးလုံး ၇–ကဏ္ဍကမြင်း (၇)ဦးတို့ဖြစ်သည်။

၁၆။ လူအမည်–သိဒ္ဓတ္ထ၊

၁၇။ ကြင်ယာတော်–ဘဒ္ဒကစ္စာန ယသောဓရာ၊

၁၈။ သားတော်– ရာဟုလာ၊

၁၉။ ယောက်ဖတော်–ဒေဝဒတ်၊

၂၀။ နန်းစံသောနှစ်–၁၃နှစ်(၁၆–နှစ်မှ ၂၉–နှစ်)၊

၂၁။ နိမိတ်ကြီးလေးပါး– သူအို သူနာ သူသေ ရဟန်း၊

၂၂။ တောထွက်သောနေ့–မဟာသက္ကရာဇ် (၉၇)ခု ဝါဆိုလပြည့် တနင်္ဂနွေနေ့၊

၂၃။ ဒုက္ကရစရိယကျင့်သောနေရာ– ဥရုဝေဠတော၊

၂၄။ ဒုက္ကရစရိယကျင့်သောကာလ– ၆–နှစ်၊ ၉၇–မှ ၁၀၃–နှစ်အထိ၊

၂၅။ ဘုရားဖြစ်သောနေ့– မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၊

၂၆။ ဘုရားဖြစ်ချိန်သက်တော်– ၃၅–နှစ်၊

၂၇။ ဘုရားဖြစ်သက်တမ်း– ၁၀၀–နှစ်၊

၂၈။ အလုပ်အကျွေး– ကျင့်စဉ်ကာလ ပဉ္စဝဂ္ဂီ အာနန္ဒာ ပရိနိဗ္ဗာန်စံသည့်တိုင်၊

၂၉။ တရားဦးဟောရာဒေသ– ဗာရာဏသီ မိဂဒါဝုန်တော၊

၃၀။ ပထမဦးဆုံးသာဝက–ပဥ္စဝဂ္ဂီငါးဦး(ဦးဆုံး ကောဏ္ဍည)၊

၃၁။ လက်ယာရံသာဝက–အရှင်သာရိပုတ္တရာ၊

၃၂။ လက်ဝဲရံသာဝက– အရှင်မဟာမောဂ္ဂလ္လာန်၊

၃၃။ နောက်ဆုံးကျွတ်တန်းဝင်သာဝက - သုဘဒ္ဒပရိဗိုလ်၊

၃၄။ အဆုံးအမသာသနာ- ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဒ

၃၅။ ကျင့်စဉ်သိက္ခာသုံးရပ်- သီလ, သမာဓိ, ပညာ၊

၃၆။ ချမှတ်လမ်းစဉ်- မဇ္ဈိမပဋိပဒါ (မဂ္ဂင်လမ်းစဉ်)၊

၃၇။ ပရိနိဗ္ဗာန်စံဝင်သောနေ့- မဟာသက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့၊

၃၈။ တေဇောလောင်သောနေ့- မဟာသက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့်ကျော် ၁၂ရက်တနင်္ဂနွေနေ့။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု ၊
ဗုဒ္ဓသာသနာ အဓွန့်ရှည်ပါစေ။
သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ
ရွှင်လန်းချမ်းမြေ့ပါစေ။

စာရေးသူ
ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

ရှင်ဟာဒယဒီပ(လှိုင်းဘွဲ့)

မဟာနိဒ္ဒေသ၊ ဂူဟဋ္ဌသုတ်တော်လာ

လမ်းပြသူ

မအိုမနာ အမြဲနေရန်
ချမ်းသာစင်စစ် ခေါ်ရနိဗ္ဗာန်
မှုချကေန် ရှိသည်မှန်၏။
အများအကျိုး ရှုက်ကာပိုးလို့
လမ်းမှန်ညွှန်ပြ ငါဘုရားလည်း
စင်စစ်ကေန် ရှိပါပေ၏။
ကောင်းကျိုးကေန်ပေးတတ်စွာသော
မဂ္ဂင်ခေါ်ရ ရွှေလမ်းမြတ်ကို
အသင်မသွားရပ်တန့်လေက
မဂ်ဖိုလ်မပြီး အချည်းနှီးသော
အို အန္ဓလူသား..........
ဣဒ္ဓိတန်ခိုး ဈာန်မျိုးမျိုးဖြင့်
အသခ်တ နိဗ္ဗာန်မြတ်ကို
လမ်းပြရပ်တည် ငါဘုရားသည်
ပေးစွမ်းခြင်းငှာ မတတ်ကောင်းပါ။

ရှင်ဟာဒယဒီပ

(လှိုင်းဘွဲ့)

မဟာနိဒ္ဒေသ၊ ဂူဟဋ္ဌသုတ်တော်လာ
လမ်းပြသူ
မအို့,မနာ အမြဲနေရန်
ချမ်းသာစင်စစ် ခေါ်ရနိဗ္ဗာန်
မုချကောန် ရှိသည်မှန်၏။
အများအကျိုး ရှက်ကာပိုးလို့
လမ်းမှန်ညွှန်ပြ ငါဘုရားလည်း
စင်စစ်ကောန် ရှိပါပေ၏။
ကောင်းကျိုးကောန်ပေးတတ်စွာသော
မဂ္ဂင်ခေါ်ရ ရွှေလမ်းမြတ်ကို
အသင်မသွားရပ်တန့်လေက
မင်္ဂပိုလ်မပြီး အချည်းနှီးသော
အို အန္ဓလူသား............
ဣန္ဒြိတန်ခိုး စျာန်မျိုးမျိုးဖြင့်
အသခ်တ နိဗ္ဗာန်မြတ်ကို
လမ်းပြရပ်တည် ငါဘုရားသည်
ပေးစွမ်းခြင်းငှာ မတတ်ကောင်းပါ။
ရှင်ဟာဒယဒီပ
(လှိုင်းဘွဲ့)